# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် ဝိညာဉ်ရေး ရာ စာစောင်

ငါ့ စကားကို နား ခံ၍ ငါ့ပညတ်တို့ကို ကိုယ်အထဲ၌ သွင်းမိလျှင်၊ ---- ဘုရား သခင်ကို သိသော ဉာဏ်နှင့် ပြည့်စုံလိမ့်မည်။ သု ၂း ၂-၅

အမှတ်စဉ် (၁၃၉) မတ်လ ၂၀၁၃ ခုနှစ် ●မွဒါန (လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် ) ၂၀၀၁ ခုနှစ်တွင် တည်ထောင်သည်။ Est; September 2001


## ဖန်ဆင်းရှင်

**ဖန်ဆင်းရှင်** *Thian Hnem Par (သဲမြတ်မွန် ) ဖလမ်း*



မိုးကောင်းကင်နှင့်၊ ဂြိုလ်နက္ခတ်များ
နေ ကြယ် လ ရယ်၊ အချိန်မှန်မှန်။ နေရာမှန်မှန်၊ လှည့်နေကြတာ
ဖန်ဆင်းရှင်ဟာ၊ တကယ်ရှိလို့ သဘာဝတရား ဖြစ်လာတာများ
တခုမျှ မရှိ၊ မရှိပါဘူး။ နှုတ်ကပတ်တော်၊ ဖော်ပြချက်ကား
အဖဘုရား၊ ဖန်ဆင်းထားသည်။ ကိုယ်တော်ရှင်သာ၊ ဖန်ဆင်းရှင်ဘဲ။

-------------------------

## ထားရက်ခဲ့တဲ့ချစ်သူ

**ထားရက်ခဲ့တဲ့ ချစ်သူ** *က.န.ခနန်းရထိုက်*

ကံကြမ္မာက မျက်နှာသာ မပေးတော့ ၊ အပြန်တရာ ဝေးခဲ့ရပြီပေါ့ ချစ်သူ။
မျှော်လင့်ချက် မရှိတဲ့ နေ့ရက်တွေမှာ ပူပြင်း ခြောက်သွေ့တဲ့ ဘဝထဲကို
ချစ်သူရဲ့ ကြင်နာမှုက အေးမြစေခဲ့တယ်။
တခဏ ဟန်ဆောင်တာပဲဖြစ်ဖြစ် တစ်ဘဝစာ ရည်ရွယ်တာဘဲဖြစ်ဖြစ်
ပင့်သက်တရှိုက်စာ အနားမှာရှိနေပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ချစ်သူ။
အမှတ်တရ အဖြစ် အနမ်းလက်ဆောင်ပေးတော့
အရမ်းပျော်ခဲ့တယ် ချစ်သူ။ ကံကြမ္မာရှိုင်းရဲ့ မုန်းမာန်ဖွဲ့ မှုကြောင့်
နှလုံးသားလေး တစ်စုံ ပြာကျ ခဲ့ရတယ်။



ထားရက်ခဲ့ပေမဲ့ အကြွေ နှလုံးသားကို အဖော်ပြုရင်း
အလွမ်းနေ့ရက်တွေကို ဥပက္ခာပြုပြီး ကျေနပ်စွာ နေခဲ့ပါ့မယ် ချစ်သူ။

----------------------------------------

## တို့ ခရစ်ယာန်

**တို့ … ခရစ်ယာန်** *ထူးဝေကျော်*



အပြစ်သားရယ်လို့ ဇာတိရ လူ့ဘဝ ပုံသဏ္ဍာန်။
အပြစ်က လွတ်ရေး တွေးကာပ ။ ကိုယ်စိတ်နှစ်ဖြာ နှိမ့်ချပါလို့
ယုံကြည်မှု စင်စစ်မှန် ထင်ထင်ပြ ။ ခရစ်ယာန်တဲ့ ကိုယ်တို့ဟန်။
မေတ္တာကို အခြေပြုကာပ ။ အပြစ်က ကယ်နှုတ်ဖို့အတွက်
အလိုတော် သွန်သင်ချက်တွေက ။ မျက်ကန်းတောင် မြင်နိုင်ပါတဲ့
စေတနာမွန် အမြတ်ဆုံးတွေပေါ့။ ဥဿုံ ခံယူ သုံးပေရော့ ဘုရားသခင်ရဲ့ သဏ္ဍာန် ။
လူမှုရေး … ပညာရေး၊ သာသနာရေး အသွယ်သွယ် အတွက်
ကိုယ်တို့ ညီအစ်ကို မောင်နှမတွေ စုပေါင်းလို့ ကာယ ၊ ဉာဏ ၊ ဓန အားတို့
မ တည်ကာ တလောကလုံး သာယာကြောင်းရယ်နှင့်
ဘုရား အလင်းဖြာဖြာ ဝင်းစေဖို့ရယ် ။
ကိုယ်တို့တွေ လက်တွဲ ကြိုးစားနေကြတယ် ခရစ်ယာန် တို့ပုံစံ ။ ။

----------------------------------

## ဘာဘဲဖြစ်ဖြစ်

**ဘာဘဲဖြစ်ဖြစ်**

ကြုံတွေ့ရတဲ့ ကံကြမ္မာ အလှည့်အပြောင်း နေ့ရက်များစွာ ကျော်ဖြတ်ရင်းနှင့် …
အရာရာတိုင်းကို ရင်ဆိုင်နေရတယ် ။
စိတ်ပျက်ခြင်းတွေ ၊ ဝမ်းနည်းခြင်းတွေ ကြုံတွေ့နေရတော့ ၊
တခါတလေမှာ ငိုနေမိတယ် ။
ပူဆွေး ရင်မှာ ညှိုးငယ်စွာ နှင့် စိတ်ပျက်ခြင်းတွေ ကြုံတွေ့နေရပေမဲ့ ဘာပဲဖြစ်ဖြစ်
နှလုံးသားမှာ ခရစ်တော် ရှိရင် ၊ နှလုံးသားမှာ အစွမ်းတွေရှိလာ အရာရာမှာ
ကျေးဇူးတော် ငြိမ်သက်ခြင်းတွေနှင့် ပြည့်စုံနေ ။
တခါတရံမှာ အရှုံးပေးပြီး မှိုင်တွေနေခဲ့တယ် ။ တခါတရံမှာ ရဲရင့်ခြင်းတွေ
နှလုံးသွင်းပြီး ကျော်လွှန်ခဲ့တယ် ။
လျှောက်ခဲ့ပြီးမှတော့ ထိုင်မနေချင်ဘူး ။ လူသားတွေမှာ သခင် ပေးအပ်တဲ့
မျှော်လင့်ခြင်းတွေနှင့်လေ။ လျှောက်ခဲ့ရတဲ့ ခရီးလမ်းကြောင်းဟာ ဘယ်သို့ ဘယ်မျှ
ကောက်ကွေ့နေ၊ ကြမ်းတမ်းနေပေမဲ့ ဘာပဲဖြစ်ဖြစ် နှလုံးသားမှာ ခရစ်တော်ရှိရင်၊
နှလုံးသားမှာ အစွမ်းတွေ ရှိလာ အရာရာမှာ ကျေးဇူးတော်
ငြိမ်သက်ခြင်းတွေနှင့် ပြည့်စုံနေ ။
ဆုံးရှုံးခြင်းနှင့် ရယူခြင်း ၊ ပေးဆပ်ခြင်းနှင့် ပိုင်ဆိုင်ခြင်း ၊ သောက ဝေဒနာနှင့်
ကြည်နူးဝမ်းမြောက်ခြင်း ၊ ဆင်းရဲဒုက္ခ အခက်အခဲနှင့် သုခပျော်ရွှင်
လွတ်မြောက်ခြင်းတွေ အရာရာဟာ သင်္ခါရ သဘောတရားပါပဲလေ ။ ဘာပဲဖြစ်ဖြစ်
နှလုံးသားမှာ ခရစ်တော်ရှိရင် ၊ နှလုံးသားမှာ အစွမ်းတွေရှိလာ အရာခပ်သိမ်း
ကျေးဇူးတော် ငြိမ်သက်ခြင်းတွေနှင့် ပြည့်စုံနေ။ ဘာပဲဖြစ်ဖြစ် မမှုပါနှင့် ။
နှလုံးသားမှာ ခရစ်တော်ကို ရှိခဲ့ရင်ဖြင့် အရာရာမှာ ကျေးဇူးတော် ငြိမ်သက်ခြင်းတွေ
အစဉ်ပြည့်စုံနေပေါ့ ။ ဘာပဲဖြစ်ဖြစ် ကျေးဇူးတော်ကို ချီးမွမ်းရင်းနှင့် လျှောက်လှမ်းနေ
လောကကမ္ဘာဂယ် …။ **သခင့်ကျေးဇူးတော်မြတ်၌ F. Penny ( Mizo )တမူး**

------------------------------------------------------------------

## ကျွန်မ နှင့် အုတ်စီ သမားများ (ထားသက်သက်ခိုင်)

အုတ်စီနေတဲ့ လူသုံးယောက်ကို ဖြတ်သွားတဲ့ လူတစ်ယောက်က ဘာလုပ်နေတာလဲ လို့ မေးတော့…. ပထမလူ။ “ ဝမ်းရေးအတွက် လုပ်နေတာ မမြင်ဘူးလားဗျ ”တဲ့။
ဒုတိယလူ။ “ အုတ်စီ နေတာ တွေ့ရဲ့သားနဲ့မေးနေရသေးတယ် ”…။
တတိယလူ။ “ လှပ ခန့်ညားတဲ့ ဗော်ကွန်းတိုင် တည်ဆောက်နေတာပါ ”တဲ့။



အလုပ်တူ ။ လူသုံးယောက်။ အဖြေသုံးမျိုး ……………။

- ➢ မင်း ဘယ်သူလဲ လို့ အမေးခံရပြီ…။

“ လူတစ်ယောက်လေ ”….“ အို…ဒါတော့သိတာပေါ့ …”
“ ထားသက်သက်ခိုင်ပါ ” “ ခင်ဗျာ…ဘာပြောလိုက်တယ် ”….
“ သြော်..အင်း…ကျွန်မ ဘုရားသမီး ပါရှင်..”

လူတစ်ကိုယ်…အဖြေသုံးမျိုး…. ဘယ်ဟာကို အရင်ဖြေရပါလိမ့်မနော်…။

------------------------------------

## အချစ်ဖုန်းနဲ့ အပြစ်ဖုန်း



**အချစ်ဖုန်းနဲ့ အပြစ်ဖုန်း** *L .နန်ကိုင်*

စင်္ကာပူမှာ သုံးနေတဲ့ ဖုန်း အမျိုးအစားတွေထဲက နောက်ထပ်အမျိုးအစား ၂မျိုး ရှိပါသေးတယ်။ နာမည်က အချစ်ဖုန်း နဲ့ အပြစ်ဖုန်းတဲ့။ မသိခင်က အချစ်ဖုန်း သိလိုက်ရတော့ အပြစ်ဖုန်းပေါ့။ စင်္ကာပူက လူအများစုက ဖုန်းနဲ့ အလုပ်ရှုပ် နေကြတဲ့သူတွေပါ။ အလုပ် ဘယ်လောက်ပဲ အရေးကြီးတယ်လို့ ပြောနေကြပေမယ့် ဖုန်းလောက် အရေးကြီးလိမ့်မယ် မထင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အရေးကြီးတဲ့ အလုပ်ကို လုပ်နေရင်လည်း အချစ်ဖုန်းလေးက ကိုင်ရမြဲပါ။ အချစ်ဖုန်းလေးက ပြောနေတယ် ချစ်သူလေးရယ် .. လွမ်းရလွန်းလို့ သေတော့မယ်တဲ့။ ဖုန်းမလေးက ဖြေပြန်တော့ ကျမလဲ ဒီလိုပါပဲကွယ် .. လွမ်းလိုက်တာ တမိုးတောင် ချုပ်ရောပေါ့တဲ့.. ဒီလိုအလွမ်းနှင့် ဆုံတော့ ပြေးကြပြန်။ အချစ်လေး “Off day” ဘယ်နေ့လဲ .. Off day ရရင် ထွက်ကြစို့လား..“ ဖုန်းမလေး”က ဖြေလိုက်တယ် ဆုံကြစို့လား အချစ်လေးရယ်။ ဘယ်နေရာကိုလဲကွယ်။ “ဖုန်းမလေး” က ပြောလိုက်တယ် စင်္ကာပူရဲ့ အလှဆုံး ရှုခင်းတွေကို ကြည့်နိုင်ဖို့ အကောင်းဆုံး ဟိုတယ်ကို သွားကြစို့။ “ဟိုတယ်”ရောက်မှ သိလိုက်တော့ နောက်ကျသွားရောပေါ့။ “ဟိုတယ်” အပြန် စိတ်ဆိုးကြပြန်။ စိတ်ဆိုးစိတ်ကောက် ချော့ကြပြန်။ မချော့တတ်တော့ ခွဲရပြန်.. ခွဲသွားတော့မှ သတိရ ပြင်လို့ မရတဲ့ ဘဂရဲ့ အမှား နောင်တ။ နောင်တဟူသည် နောင်မှ ရ။ မရခင်က မသိထားကြ။ နောင်တ ဟူလည်း အကောင်းအတိုင်း ပြန်မရနိုင်တဲ့ နောင်တမျိုးကို ရှောင်ကျဉ်ပါ။ ဒို့မြန်မာ လူမျိုးတွေက သိပ်ကိုရိုးသားကြပါတယ်။ ရိုးသားတဲ့ မြန်မာလူမျိုးတွေဟာ ဆန်းပြား တဲ့ စင်္ကာပူနိုင်ငံ ရောက်တော့ စိတ်လွတ်ကိုယ်လွတ် ပျော်တတ်ကြပါတယ်။ စိတ်လွတ် ကိုယ်လွတ် ပျော်နိုင်ကြတဲ့သူတွေ ရှိသလို အမြဲ ထောင်ချောက် ချခံရသလိုမျိုး ခံစားနေရတဲ့သူတွေလည်း ရှိပါတယ်။ ကျမကို သူများတချို့ သူငယ်ချင်း တွေက ပြောတယ်။ “သစ်ခေါင်းပေါက်ဝ” က ကောင်မလေးတဲ့။ “သစ်ခေါင်း” လှောင်အိမ် ပိုင်ရှင် မလေးတဲ့။ ဘာဖြစ်လို့လဲ ဆိုတော့။

ကျမမှာ off day လုံးဝ မရှိလို့ အပြင် မထွက်ရဘဲ အိမ်ပြူတင်းပေါက်ဝကနေ အပြင်ကို အမြဲတမ်း လှမ်းကြည့်ရင်း အပန်းဖြေ နေရတော့ သစ်ခေါင်းပေါက်ဝ ကနေ အပြင်လောကကို ကြည့်နေတဲ့ ငှက် ကလေးနဲ့ တူလို့တဲ့လေ။ သိပ်ပျော်ဖို့ ကောင်းတဲ့ စင်္ကာပူနိုင်ငံကြီးထဲက ဒို့ရဲ့သူငယ်ချင်းတွေလည်း သင်တို့ရဲ့ ပျော်ရွှင် လွတ်လပ်မှုကို အပြည့်အဝ ပျော်နိုင်သလို သင့်ရဲ့ ဖြူစင်ရိုးသားတဲ့ သင့်စိတ်နှလုံးသားနဲ့ သင့် ဘဝလေးကိုတော့ စင်္ကာပူရဲ့ အလှ အပန့် မလဲလိုက်ပါနဲ့လား.. လူမှန်ရင် အပြစ်တွေနဲ့ မကင်းပါဘူး.. ကိုယ်တော်သခင် ယေရှု ရှေ့မှာ အပြစ်ကင်းသူ လူသားတစ်ယောက်မျှ မရှိပါ.. တို့တွေရဲ့ အပြစ် တွေကြောင့် တွေဝေမနေပဲ။ တို့တွေမှာ ရှိတဲ့ အချိန်လေးနဲ့ အတူ သခ်ီရ ဘုရားကို မယုံကြည်ပဲ ထာဝရဘုရားကိုသာ အကြွင်းမဲ့ ယုံကြည်နေပါ.. တို့တွေ ရှင်သန်နေတဲ့ တသက်တာ တို့တွေနဲ့အတူ တို့တွေရဲ့ နှလုံးသားတွေထဲမှ ထာဝရဘုရားသခင်ဟာ ထာဝရ ရှင်သန်နေပါတယ်။ ပူပန်စရာမလို။ လိုက်ရှာ ငေးမော နေစရာမလိုပါဘူး.. တို့တွေ ယုံကြည်နေတဲ့ ထာဝရဘုရားဟာ တို့တွေရဲ့ နှလုံးသား အတွင်း စိတ်ထဲမှာ ကယ်တင်ပိုင်ရှင် သခင်ယေရှုရှိတယ် ဆိုတာကို ခွန်အား ပေးလိုက်ရင်း.. သခင့်စကားကို ဖတ်ရှုနေသူ အားလုံးလည်း ဘုရားသခင်ထံမှ ကောင်းကြီး မင်္ဂလာ ရရှိနိုင်ပါစေ။ ။ L .နန်ကိုင်

---

# ဆယ်ဖို့ တစ်ဖို့

## ဆယ်ဖို့တစ်ဖို့ပေးလှူခြင်းရဲ့ အကျိုးကျေးဇူး

Thian Hnem Par(သဲမြတ်မွန်)

ဟာလေလုယာ။ ကျေးဇူးတော်အပေါင်းကို ချီးမွမ်းပါ၏။ ယခုလို သခင့်စကားမှာ ဆက်လက်ပြီးတော့ သက်သေခံခွင့်ရတဲ့ အတွက် ဘုရားရှင်ကို ကျေးဇူးတင်၏။ အဖဘုရားရှင်ကြောင့်သာ ကျန်းမာခွင့်ကို ဆက်လက်ပြီးခံစား နေရတာဖြစ်ပါတယ်။ မေတ္တာရှင် သခင်၏ ဖေးမ ကူညီမှုကြောင့် ဆက်လက်ပြီး ငြိမ်သက်ခြင်းကို ခံစားနေရပါတယ်။ ယခု သမီး အနည်းငယ် သက်သေခံ ဝေငှလိုတာကတော့ ဆယ်ဖို့တစ်ဖို့လေး ပေးလှူခြင်းရဲ့ အကျိုးကျေးဇူးလေးဖြစ်ပါတယ်။ သမီးဟာ ဆယ်ဖို့တစ်ဖို့ ပေးလှူခြင်းရဲ့အကျိုးကြောင့် ဘုရားရှင်ရဲ့ ကောင်းကြီးကျေးဇူးတော်ကို တစ်ဖန်ပြန်လည် ခံစားရတာလေး ဝေငှချင်ပါတယ်။ ပြီးခဲ့တဲ့ ဇွန်လ ၅ ရက်နေ့တုန်းက သမီးမြန်မာကို အလည် ၂ပတ် ပြန်ဖြစ်ပါတယ်။ ဒီစင်္ကာပူမှာ ရောက်တာ၂နှစ်ပြည့်လို အိမ်ရှင်တွေက အလည် ပေးပြန်တာပါ။ ၅ရက်နေ့ အပြန်နှင့် ၁၉ အလာ အတွက်ကို သူဌေးက ကိုယ်တိုင် လေယာဉ် လက်မှတ် ဝယ်ပေးပါတယ်။ သမီးက ကလေးမြို့နယ်ဘက်ကပါ။ ရန်ကုန်ကို ၁၇ရက်နေ့မှာ ပြန်ရောက်လာပါတယ်။ ရန်ကုန်မှာ အသိတွေ မရှိတော့ မြကန်သာ ဧည့်ရိပ်သာမှာ တည်းခိုပါတယ်။ သမီးလက်ထဲမှာ ရှိတဲ့ ပိုက်ဆံကို သမီး ရေတွက် လိုက်တယ်။ ဧည့်ရိပ်သာ အခန်းအတွက် ၁၀ဝဝ။ ၂ညစာ ရှင်းပြီး D Form ယူဖို့ အတွက် ၁၅ဝဝ ကို သတ်သတ်လေး ဖယ်ထားလိုက်တယ်။ ပြီးတော့ ထမင်းစားဖို့ အတွက် ၁ဝဝဝ သိမ်းထားလိုက်ပါတယ်။ သမီးသုံးဖို့ လိုအပ်သမျှကလွဲလို့ ကျန်တဲ့ အဝတ်အစားတွေ ဝယ်ရင်ကောင်းမလားလို့ စဉ်းစားမိတယ်။ သမီးလက်ထဲမှာ ၈၇ဝဝ ကျန်ပါသေးတယ်။သမီးလိုချင်တာ အဝတ်စားတွေ မဝယ်ပဲ ညစဉ်ခွန်အား စာစောင်ကို အလှူငွေ ထည့်လိုက်ပါတယ်။ အဲဒါပြီးတော့ D-form ယူဖို့အတွက် သမီးပြင်ဆင်ပါတယ်။ သမီးရဲ့ မှတ်ပုံတင်ပဲ တည်းခိုခန်းပိုင်ရှင်ကို အပ်ထားပါတယ်။ သမီးရဲ့ passport နဲ့ WP နှင့် လေယာဉ် လက်မှတ်ကို သမီး မအပ်လိုက်ပါဘူး။ အဲဒါတွေကို အပြင်ထွက်တော့မယ် ဆိုတော့ ယူဆောင်သွားဖို့ သမီး ကြည့်လိုက်တယ်။ အရေးကြီးတဲ့ လေယာဉ် လက်မှတ် ပျောက်နေခဲ့တယ်။ ဘယ်နေရာမှာ ကျကျန်ခဲ့မှန်းမသိ ဘယ်လို ပျောက်ဆုံးမှန်း မသိပါဘူး။ သမီး စိတ်ပူခဲ့ပါတယ်။ အိတ်တွေကို နှစ်ခါ သုံးခါ ပြန်စစ်ပါတယ်။ ဒါပေမဲ့ လေယာဉ်လက်မှတ်ကိုတော့ ပြန်ရှာမတွေ့ပါဘူး။ အဲဒါနဲ့ပဲ သမီး ချက်ချင်း အိမ်အောက်ထပ်ကို ဆင်းပြီး တည်းခိုခန်းပိုင်ရှင်ကို အကျိုးအကြောင်း ပြောပြတယ်။ သူကဘယ်လို ပြန်ဖြေသလဲ ဆိုတော့ နင်က ငါ့ကိုမှ မအပ်ထားတာ၊ နင် အပ်ထားတာ မှတ်ပုံတင်ပဲလေ။ တို့လက်ထဲကနေ ပျောက်ဆုံးသွားရင်တော့ တာဝန် ယူရမှာပေါ့။ အခုဟာက နင့်လက်ထဲကနေ ပျောက်ဆုံးထားတဲ့အတွက် တာဝန် မယူနိုင်ဘူး။ ခင်ဗျား အခန်းသော့လည်း ခင်ဗျားပဲကိုင်တယ်။ ခင်ဗျား အခန်းထဲကို ဘယ်သူမှ မဝင်ဘူးတဲ့။ ဒါပေမဲ့ လေယာဉ်နဲ့ ပတ်သက်တာ ကျုပ်လည်း သိပ်မသိဘူး။ ခင်ဗျား လေဆိပ်ကိုသွားပြီး အသစ်ဝယ်ရင်ဝယ်။ အဲဒါမှ အဆင်ပြေမယ်တဲ့။ သမီး မျက်ရည် ကျလု မတတ်ပါ။ လက်ထဲမှာ ရှိတဲ့ပိုက်ဆံလည်း ပေးလှူလိုက်လို့ မရှိတော့ဘူး။ လေဆိပ်ကို သွားပြီး လေယာဉ်လက်မှတ် ဝယ်ဖို့မပြောနဲ့ သွားဖို့ တက္ကစီခ ဖိုးတောင် မရှိပါဘူး။ သမီး အင်တာနက်ဆိုင်ကို D-Form ယူဖို့အတွက် သွားလိုက်ပါတယ်။ အဲဒီအချိန်က ဇွန်လဆိုတော့ မိုးရွာချိန်လည်း ဖြစ်ပါတယ်။ သမီး အပြင်လည်း ရောက်တော့ မိုးနည်းနည်း ထန်ထန်လေး ရွာပါတယ်။ သမီးမှာ ထီးလည်း မရှိပါဘူး။ မိုးတိတ်အောင် စောင့်ဖို့အတွက်လည်း အချိန်မရှိတော့ပါဘူး။ မိုးရွာထဲမှာ ဆက် လျှောက်လို့ ရွှဲရွှဲစိုလို့ပါပဲ။ မနက်ကျရင် စင်္ကာပူကို လာရမယ့် လက်မှတ်က အရေးကြီး နေပါတယ်။ သမီးရောက်တဲ့ ၁၇ ရက်နေ့က တနင်္ဂနွေနေ့ဆိုတော့ အင်တာနက်ဆိုင် မဖွင့်ပါဘူး။ တနင်္လာနေ့မှပဲ ယူရပါတယ်။ သူတို့တွေကို ပြောပြလိုက်တဲ့ အခါကျတော့ သူတို့က သမီးကို ဂရုဏာသက်ဝင်တဲ့ အတွက် သမီးကို ကူညီပါတယ်။ လေဆိပ်ကို ဖုန်းဆက်လိုက်တော့ လေဆိပ်ကို လာစရာမလိုဘူး။ MAI ရုံးမှာပဲ သွားယူလိုက်ပါတဲ့။ လေယာဉ်လက်မှတ် copy ထုတ်ပေးမယ်တဲ့။ သမီး ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ MAI ရုံးလည်း မသိတဲ့ အခါကျတော့ MAI ရုံးကို သွားရမည့် လမ်းကို အသေးစိတ် ဖော်ပြလိုက်ပါသေးတယ်။ သမီးအခုနက အကြောင်း ပြန်တွေးလိုက်တဲ့ အခါကျတော့ သမီးလက်ထဲမှာ ပိုက်ဆံ တစ်ပြားမှ မရှိတာ အကုန် သိတယ်။ အဲဒီလက သမီးလစာ စင်္ကာပူ 400$ ရပါတယ်။ သမီး ဆယ်ဖို့ တစ်ဖို့ ၅ဝ ထည့်ပါတယ်။ ကျန်တာ လမ်းစရိတ် အတွက်ချန်ထားတယ်။ သမီးရဲ့ နှလုံးသားထဲမှာ ခံစား ရတာကတော့ ဆယ်ဖို့တစ်ဖို့ ပေးလှူဖို့က အရေးကြီးပါတယ်။ ကျွန်ုပ်တို့ ပေးလှူလိုက်တဲ့ ပိုက်ဆံဟာ ဘုရားရှင်က မသုံးပါဘူး။ ဘုရားရှင်ဆီမှာ အများကြီးရှိပါတယ်။ ဆယ်ဖို့တစ်ဖို့ ပေးလှူခြင်းဟာ ဘုရား သခင်ကို ချစ်တဲ့ပုံသက်သေ ဖြစ်နေပါတယ်။ ရရှိလာသော အရာထဲက အဦးဆုံး ဘုရားရှင်အတွက် အရင် ဆက်ကပ်တာဟာ ဘုရားရှင် အလွန်ဝမ်းမြောက်ပါတယ်။ ဘုရားရှင်ကလည်း ကျွန်ုပ်တို့ကို တဖန် ကောင်းကြီး မင်္ဂလာ သွန်းလောင်းပေးမှာ ဖြစ်ပါတယ်။ သွန်းလောင်းတာမှ နဲနဲလေး မဟုတ်ပါဘူး။ အများကြီးဖြစ်ပါတယ်။ သင့်ရဲ့ လိုအပ်ချက် မှန်သမျှအားလုံး ဖြည့်စွက်ပေးမှာ ဖြစ်ပါတယ်။ ပိုက်ဆံတစ်ကျပ်မှ မကုန်ဘဲ လေယာဉ်လက်မှတ်အသစ် သမီးလက်ထဲ ကိုင်ဆောင်ခွင့်ကို ဘုရားရှင် ပေးသနားတော်မူတယ်။ တရားဟောရာကျမ်း ၁၄း၂၉ထဲမှာ ဂတိတော် ပါရှိပါတယ်။ သို့ဖြစ်လျှင် သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် သင့်တို့ပြုလေရာရာ၌ ကောင်းချီး ပေးတော်မူမည်ဟု အတည့်အလင်း ဖော်ပြထားပါတယ်။ ဆယ်ဖို့တစ်ဖို့ ပေးခြင်းဟာ အခမဲ့ သက်သက် မဟုတ်ပါ။ ဘုရားရှင်က ကျွန်ုပ်တို့ကို တဖန်ကောင်းကြီးမင်္ဂလာ သွန်းလောင်းမှာ ဖြစ်ပါတယ်။ ချစ်သော စာဖတ်သူများ ဘုရားမြတ်အတွက် ပေးဆပ်ဖို့ အခွင့် ကြုံလာရင် သင်နိုင်သလောက် ဆက်ကပ်ပေးလှူပါ။ ဘုရားရှင် ဝမ်းမြောက်မှာပါ။ ကျွန်ုပ်တို့ရဲ့ အသက်တာ ခရီးတစ်လျှောက်လုံး ဘုရားရှင် လိုအပ်သမျှ ဖြည့်စွက် ပေးမှာပါ။ မာလခိ ၃း၁ဝ ဆယ်ဖို့တစ်ဖို့ ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့ သွင်း၍ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှါ ပြုကြလော့။ ငါသည် မိုးကောင်းကင် ပြူတင်းပေါက်တို့ကို ဖွင့်၍ ကောင်းကြီးမင်္ဂလာကို အကုန်အစင်သွန်းလောင်းမည်။ မသွန်းလောင်းမည်ကို ထိုသို့ စုံစမ်းကြလော့ ဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူ၏။ စာဖတ်သူ အယောက်စီတိုင်းရဲ့ နှလုံးသားထဲမှာ သန့်ရှင်းသော ဝိညာဉ်တော် ကိန်းဝပ်တော်မူပါစေ..အာမင် ။ ။ Thian Hnem Par(သဲမြတ်မွန်)

---

# ပုပ်သည့်ရေ

## ပုတ်ခဲ့သည့်တစ်လေ့လုံးတွင်

*မယ်မင်းရုံ (မ/ဒဂုံ)*

ကျွန်မ ကိုယ်တွေ့ ကြုံခဲ့ရတဲ့ အဖြစ်အပျက်လေး တစ်ခုကို ဝေမျှပါရစေ။ ၂ဝဝ၈ ခုနှစ် ကျွန်မ ၂၁ နှစ် အရွယ်ကပါ။ ကျွန်မရဲ့ အလုပ်က ဗဟန်း (၃) လမ်းမှာ ဖြစ်ပြီး နေတာက မ/ဒဂုံ မှာဆိုတော့ ညသက်အိမ်ပြန်ရင် မ/ဒဂုံ ဘက်ကရော မ/ဥက္ကလာ ဘက်ကပါ ပြန်လို့ ရပါတယ်။ တစ်နေ့ ကျွန်မ မ/ဥက္ကလာ (၄၃) ကားကို စီးလာတဲ့နေ့ပါ။ ပြန်ချိန်က ည ၇နာရီ ဝန်းကျင်ဆိုတော့ ကားက တော်တော် ကျပ်ပါတယ်။ တနေ့လုံး ပင်ပန်းထားပြီဆိုတော့ ထမင်းချိုင့် အလွတ်ကိုတောင် မသယ်ချင်တော့ပါ ။ ကားပေါ်မှာ ကျွန်မရဲ့ ညာဘက် ၂ ယောက်ခြားလောက်မှာ ကျွန်မထက် ၃ နှစ်လောက် ကြီးမယ်လို့ ခန့်မှန်းရတဲ့ အစ်မတစ်ယောက် ကျွန်မနည်းတူ မတ်တပ်ရပ်နေပြီး ဘယ်ဘက်မှာတော့ ၂ ယောက်ခြားလောက်မှာ ထိုင်နေတဲ့ ကျွန်မအောက် ၃ နှစ်လောက် ငယ်မယ်လို့ ထင်ရတဲ့ ကောင်မလေးတစ်ယောက်ပါလာပါတယ်။ ကျန်တဲ့ ကျွန်မ ဘေးနားမှာ ကပ်စီးလာတဲ့သူတွေက အမျိုးသားတွေပါ။ ခပ်လှမ်းလှမ်းမှာတော့ အမျိုးသမီး တစ်ချို့ရှိပါတယ်။

ပြဿနာ စတာက ကျွန်မ ကားပေါ်ရောက်ပြီး ၃ မှတ်တိုင်လောက်မှာပါ။ အမျိုးသား တစ်ယောက် အသက်အားဖြင့် ၅ဝ ဝန်းကျင်လောက်ပါ။ ကျွန်မရဲ့ နောက်ဘက်မှာ ရပ်ပြီး၊ လူကျပ်တာကို အခြေခံပြီး အခွင့်ကောင်းယူဖို့ ကြံစည်တာပါ။ သူရဲ့ လက်တွေက အပေါ်တန်းကို မကိုင်ပါဘဲ။ ကျွန်မ ရှေ့က တန်းတွေကို ကျော်ပြီး ကိုင်တော့ အများအမြင်မှာလည်း လွဲမှားစရာ ဖြစ်နေသလို၊ ကျွန်မ ကိုယ်တိုင်လည်း စိတ် ကျဉ်းကျပ်ပြီးရှောင်လွှဲစရာ မရှိ၊ အော်ဟစ် ရလောက်အောင်လဲ မဝံ့မရဲနဲ့ ဖြစ်နေခဲ့တာပါ။ ရှေ့ဘက် မှတ်တိုင်တွေမှာ တစ်ယောက်ပြီးတစ်ယောက် ဆင်းတိုင်း ကျွန်မ



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၉ မတ်လ ၂ဝ၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

နေရာ အတင်းရွှေ့ခဲ့ပါတယ်။ ဒီလိုနဲ့ ထိုင်နေတဲ့ ကောင်မလေးနဲ့ တော်တော် နီးလာပါတယ်။ ကောင်မလေးက ကျွန်မရဲ့ အခက်အခဲကို ရိပ်မိနေပါတယ်။ သူ့ရဲ့ ဘေးက လူ ဆင်းသွားရော အတင်းနေရာဦးပြီး ကျွန်မကို နေရာပေးလို့ နေရာရပြီး ကျွန်မက ငြိမ်းချမ်း သွားပေမဲ့ အဲဒီလူကြီးက ကျွန်မတို့ရဲ့ ဆန့်ကျင်ဘက်က အစ်မ ဆီကို ရောက်သွားပြီး ကျွန်မ နည်းတူ ဒုက္ခပေးပါတယ်။ အခြေအနေက ပိုဆိုးလာပြီး အရမ်း သရုပ်ပျက် နေတာမို့ ထို အစ်မ ကွန်မတို့နား တိုးလာပြီး မျက်ရည်တွေတောင် ဝဲနေပါပြီ။ တကယ်တော့ ထိုကောင်မလေးနဲ့ အစ်မကြီးက ညီအစ်မတွေပါ။ ထိုအခြေအနေကို ကျွန်မဘေးက ကောင်မလေးလည်းသိရော အဲဒီလူကြီးကို "ကိုယ့်အသက် အရွယ်မှ အားမနာ၊ တဏှာ ဘရူးနေလား" ဆိုပြီး အော်လိုက်ပါတယ်။ အဲဒီလူကြီးက ငြင်းတာပေါ့။ အားလုံးလည်း စိတ်ဝင်စားပြီး ဝိုင်းကြည့်ကြတာပေါ့။ ကောင်မလေးက "ငါ အားလုံး သိတယ်၊ ငြင်းဖို့ မကြိုးစားနဲ့။ နင်အခုနက ဒီအစ်မကိုလည်း အဲဒီလို လုပ်ခဲ့တာ မို့လို့ ငါနေရာ အတင်းဦးပြီး ထိုင်ခိုင်းတာ" ဆိုပြီး နင်တွေ ငါတွေနဲ့ သွက်လက်စွာ ပြန်ပြောလည်း ပြောတော့ အဖိုးကြီး အရမ်းရှက်ပြီး "ကောင်မ မိုက်ရိုင်းအုံး" ဆိုပြီး ကောင်မလေးကို ပါးရိုက်လိုက်တယ်လေ။ အရှိန်က သိပ်မပြင်းဘူးလို့ ထင်ရပေမဲ့ ကောင်မလေးရဲ့ ပါးစပ်က သွေးတွေ ထွက်လာပြီး ကောင်မလေး အော်ဟစ် သောင်းကျန်း ငိုတော့တာပေါ့။ ကားပေါ်က အမျိုးသားတွေ၊ အသက်ကြီးပိုင်းတွေ အားလုံးလည်း တစ်ယောက် တစ်ပေါက် ထိုလူကြီး ဝိုင်းပြောကြတယ်။ နောက်ဆုံးတော့ ရဲစခန်း (မရမ်းကုန်း) ရောက်သွားပါတယ်။ ထိုကဲ့သို့ ဖြစ်စဉ်က ချော်တွင်းကုန်း မီးပွိုင့်မှာပါ။ အဲဒီမှတ်တိုင်မှာ ဆင်းရမဲ့ သူက စလို့ နောက်မှတ်တိုင်တွေမှာလည်း ဘယ်သူမှ ဆင်းခွင့် မရတော့။ အားလုံး တစ်သီတစ်တန်းကြီး ရဲစခန်းကို ချီတက်ကြတာပေါ့။ ရဲစခန်း ရောက်တော့ ရဲက လိုအပ်တဲ့ သူနေခဲ့ပြီး၊ မလိုတဲ့သူကို ပြန်ခွင့်ပေးပါတယ်။ ဒါပေမဲ့ အဲဒီ ပြန်ရမဲ့အထဲမှာ ကျွန်မ မပါခဲ့ပါဘူး။ ကောင်မလေးရဲ့ ဟိုဘက် ဒီဘက် လူတွေက သက်သေ အဖြစ်ကျန်ရစ်ခဲ့ရပါတယ်။ အဲဒီအချိန်က ည (၈)နာရီခွဲ နီးပါးပါ ။ အဆိုးထဲက အကောင်းကတော့ ကားပေါ်မှာ ကျွန်မတို့ လမ်းထဲက ကျွန်မနဲ့ နည်းနည်းရင်းနီးတဲ့ အစ်ကိုက ကားပေါ်မှာ ပါလာပါတယ်။ သူက ခွင့်တောင်းပြီး ကျွန်မအတွက် အဖော် အဖြစ် ကျန်ခဲ့ပါတယ် ။

ပထမဦးဆုံး ကာယကံရှင် ကောင်မလေး၊ ပြီးတော့ သူ့အစ်မ၊ နောက်တော့ ကျွန်မတို့ သက်သေတွေကို စစ်ပါတယ်။ ကောင်မလေးတွေက သူတို့ မိဘတွေကို ဖုံးဆက် ခေါ်ပါတယ်။ ရဲက အကျိုးအကြောင်းမေးတော့ ကောင်မလေးက ပြောပြတယ်။ ဟိုလူကြီးက ငြင်းတယ်။ ဒါကို ကောင်မလေးက စိတ်တိုလာပြီး ရဲကြီးရဲ့ ကောင်တာ (စားပွဲခုံ)ကို လက်နဲ့ ပုတ်ပြီး အော်ပါလေရော။ အဲဒီမှာ စခန်းမှူးကြီးက ကောင်မလေးကို ဆူပြီး "နင် ရပ်တော့ ဒီစားပွဲကို လုံးဂ ပုတ်လို့ မရတာ နားမလည် ဘူးလား" လို့ပြောပါတယ်။ တကယ်တော့ ကျွန်မလည်း နားမလည်ပါ။

နောက် ကျွန်မ အလှည့် ရောက်တော့ ၉း၀၀ ကျော်သွားပါပြီ။ ရဲက မေးပါတယ် မင်း ကြုံရသမျှ ပြောပါတဲ့။ ကျွန်မ ပြောပြပါတယ်။ ဒါပေမဲ့ မပြည့်စုံဘူး။ ကျွန်မ နားရောက်လာပြီး အခွင့်ရေးယူပါတယ် ဆိုတာနဲ့ အမှုဖွင့်လို့ မရပါဘူး။ ခရေစေ့ တွင်းကျ ကြုံရသမျှ ပြောရမှာ ဖြစ်တယ်တဲ့။ ကျွန်မ အချိန်မဆွဲ နိုင်တော့ပါ ၁၀း၀၀ နီးပါးမှာ စခန်းမှာဘဲ ရှိသေးရင် အိမ်ကို ဘယ်အချိန်ပြန်ရောက်မှာလဲ။ ကျွန်မ ရှက်ရွံ့စွာနဲ့ဘဲ သက်သေ ခိုင်လုံအောင်ပြောခဲ့ပါတယ်။ ကျွန်မ ပြီးသွားတော့ ရဲကိုမေးခဲ့ပါတယ်။ ကောင်မလေး စားပွဲခုံ ပုတ်တာကို ဘာလို့ စိတ်အရမ်းဆိုးတာလဲလို့။ ရဲကြီးက ပြောပါတယ်။ အဲဒီလို ပုတ်ရင် အမှုတွေ အများကြီးတွေ ရောက်လာတတ်တယ်တဲ့။ မလုပ် ကောင်းဘူးတဲ့။ နောက် ဟိုလူကြီး ဘာဖြစ်နိုင်လဲလို့ မေးတော့ အမှုဖွင့် နိုင်တယ်တဲ့။ သူကောင်မလေးကို ရိုက်ခဲ့ တုန်းက သုံးတဲ့ လက်ရယ်၊ လက်ပြန်ရိုက်မှုနဲ့တင် အမှုဖွင့်နိုင်ပြီ ။ နောက်ပြဿနာ ပါဆိုတော့ ဒီလူကြီး မလွယ်ဘူးပေါ့ ။

ကျွန်မ ပြီးလို့ အခန်းက ထွက်လာတော့ ကောင်မလေးတွေရဲ့ မိဘတွေနဲ့ ဆွေမျိုးတွေ ရောက်လာပါတယ်။ အားလုံးက ထောင်ထောင် မောင်းမောင်း ဖိုက်တာ ပုံစံ တွေပါ။ ဘောင်းဘီတွေ ချည်းဘဲဝတ်လာကြပါတယ်။ ကျွန်မကို အားလုံးက ကျေးဇူး တင်တယ် ပြောပြီး Taxi ငှားပေးပါတယ်။ ကျွန်မနဲ့ အိမ်နီးနားချင်း အစ်ကိုကြီးနဲ့အတူ ပြန်လာခဲ့ပါတယ်။ ကျွန်မ စိတ်မကောင်းပါ။ အသွားမတော် တစ်လှမ်း ဆိုတာ ဟိုလူကြီး အတွက် ဖြစ်နေပါတယ်။ ကျွန်မ ကဲ့သို့ ကားပေါ်မှာ အဲဒီလူကို သိတဲ့ တစ်ယောက်ယောက်သာ ပါခဲ့ရင် သူ့ရဲ့ မိသားစု အတွက် တော်တော် အရှက်ကွဲ ရမဲ့ အဖြစ်ပါ။ လူ့ ပါးစပ်ပေါက် တစ်ပေါက် ပိတ်ရတာ ခက်ခဲတယ် မဟုတ်ပါလား။

ကျွန်မ အိမ်ရောက်တော့ ည ၁၁း၀၀နာရီ ထိုးနေပါပြီ။ ထီ မထိုးခဲ့ဘဲ ထီပေါက်တဲ့ ကျွန်မက နေရင်းထိုင်ရင်း အရှက်ရခဲ့ပါတယ်။ အိမ်မှာ မေမေ စိတ်ပူနေခဲ့ရတယ်။ အားလုံးရဲ့ နားချိန်တွေ လျော့ပါးခဲ့ ရတယ်။ တကယ့်ကို ငါးခုံးမ တစ်ကောင်ကြောင့် တစ်လှေလုံး ပုတ်ခဲ့ရတာပါ ။

တကယ်တော့ ဒီပြဿနာမှာ ကျွန်မရဲ့ ပယောဂ သိပ်မကင်းပါဘူး လို့ထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေရာ ရစဉ်က ကျွန်မ မထိုင်ဘဲ ဦးလေးကြီးကို ပေးထိုင်ခိုင်းလိုက်ရင် ဒီလို အရှုပ်တွေ ဖြစ်မလာနိုင်ပါ။ အဲဒီနောက်ပိုင်းက စလို့ ကျွန်မ လိုင်းကား စီးတိုင်း ဒီလို အခက်အခဲ တစ်စုံတစ်ယောက် ဖြစ်တာမြင်တိုင်း၊ အမျိုးသား (ထိုပြဿနာမျိုး ဖိတ်ခေါ်သူ) တဏှာရူးကို နေရာပေးခဲ့ပါတယ်။ တစ်လှေလုံး ထပ်၍ အပုတ် မခံနိုင်လို့ပါ ။ ။ **မယ်မင်းရံ (မ/ဒဂုံ)**

---

## သက်သေခံချက်

## *သက်သေခံချက်* နော်မေလဲ့ဝင်း

*ယော ၁၄း၁၄ သင်တို့သည် ငါ၏နာမကို အမှီပြု၍ တစ်စုံတစ်ခုသော ဆုကို တောင်းလျှင်၊ တောင်းသည့်အတိုင်း ငါပြုမည်။*

အကြီးမြတ်ဆုံးသော ဘုရားသခင်ရဲ့ နာမတော်ကို ချီးမွမ်းပါတယ်။ အသက်ရှင်သော ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်း၊ ကြီးမြတ်ခြင်း အကြောင်းတွေကို သက်သေခံချင်ပါတယ်။ ၂၀၁၂၊ ၁လပိုင်းက စပြီး ကျွန်မရဲ့ မျက်နှာက ကြည့်ချင်စရာ လုံး၀ကို မကောင်းပါဘူး။ ဆရာမက ဆေး၀ယ်ပေးတယ် လိမ်းတယ်။ မသက်သာပါဘူး။ ကျွန်မ အရမ်းစိတ်ညစ်ခဲ့ ရပါတယ်။ အပြင်သွားတဲ့အခါ သူများမျက်နှာ ပြောင်ပြောင် ချောချောလေးတွေကို တွေ့ရင် ပိုပြီးတော့တောင် စိတ်ညစ် ဝမ်းနည်းရပါတယ်။ မှန် ကြည့်ရင်လည်း အရမ်းကို ငိုချင်ခဲ့တယ်။ ငိုလည်း ငိုခဲ့ ရပါတယ်။ တစ်ခါတလေကျရင် မှန်တောင် မကြည့်ချင်လောက်အောင် ဖြစ်ခဲ့ရပါတယ်။ အသက်ကြီးတဲ့ အဘိုးအဘွားတွေရဲ့ မျက်နှာကိုကြည့်ပြီး ဘုရားသခင်ကို မေးခွန်းတွေ အများကြီး မေးမိခဲ့တယ်။ ဘုရားသခင် အသက်ကြီးတဲ့ သူတွေရဲ့ မျက်နှာမှာတောင် အဖုအပိန့် မရှိ ပြောင်ချောနေပြီး သမီးလို လူငယ်တစ်ယောက်ရဲ့မျက်နှာမှာကျတော့ အဖုတွေများ လိုက်တာပေါ့။ ဘာကြောင့်လဲဆိုပြီး မေးမိခဲ့တယ်။ အဲဒီအချိန်မှာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို သတိရမိပါတယ်။ ဘုရားသခင်ဟာ သေသောသူ၊ မနာမကျန်း ဖြစ်သောသူ၊ စကား အသောသူ၊ နားပင်းသောသူ၊ မျက်စိ မမြင်သောသူ၊ နတ်ဆိုး စွဲသောသူ အားလုံးရှိသမျှကို အနာရောဂါကို ငြိမ်းစေသော ဘုရားဖြစ်ကြောင်း သတိရမိလာတဲ့ အခါ ကျွန်မရဲ့ အပြစ်ကို တောင်းပန်ပြီး ( မာကု ၁ း ၄၀ ) မှာ နူနာစွဲသော သူတစ်ယောက်ဟာ ဘုရားသခင်ရှေ့မှာ ဒူးထောက်ပြီး ကိုယ်တော် အလိုရှိလျှင် ကျွန်ုပ်ကို သန့်ရှင်းစေနိုင်ပါတယ် ဆိုတဲ့အကြောင်း တောင်းပန်လိုက်ပြီး ပြောတဲ့အခါ သခင်ယေရှုက သနားပြီး အလိုရှိတယ် သန့်ရှင်းခြင်းသို့ ရောက်စေလို့ မိန့်တော်မူလိုက်တဲ့ အခါ သူ့မှာ ရှိသမျှ နူနာအားလုံးဟာ ပျောက်ကင်းသွားတာကို တွေ့ရတာဖြစ်ပါတယ်။ အဲဒါနဲ့ ကျွန်မလည်း ဘုရားသခင်ဆီမှာ ကိုယ်တော် အလိုတော်ရှိလျှင် သမီးမျက်နှာက အဖုတွေ အားလုံးကို ပျောက်ကင်းခွင့် ပေးပါလို့ ဆိုပြီး စတင် ဆုတောင်း လိုက်ပါတယ်။ ဆရာမကလည်း ပြောပါတယ်။ ဆိုင်မှာသွားပြီး လုပ်မယ်ဆိုရင် ဒေါ်လာ ၁၀၀ ကျော်ကုန်ပါမယ်။ နင်လုပ်မလားလို့ မေးပါတယ်။ ပထမတော့ လုပ်ချင်စိတ် ဖြစ်မိတယ်။ နောက်တော့ စဉ်းစားမိတာ တစ်ခုက၊ ဘာဖြစ်လို့ ပိုက်ဆံ အကုန်ခံပြီး လုပ်ရမှာလဲ။ ငါ့ကို ဖန်ဆင်းထားတဲ့ ဘုရားက ပေးပျောက်မှ ပျောက်နိုင်မှာ ဆိုတာသိလာတော့ ဘုရားသခင်ဆီမှာပဲ ဆုတောင်းပြီး နေလိုက်တာ အခုဆိုရင် မျက်နှာက အဖုတွေ အမဲတွေ ပျောက်သွားပါပြီ။ ဘယ်လို ရောဂါမျိုးကို ခံစားနေရပါစေ၊ ကျွန်မတို့ကို ဖန်ဆင်း ထားတဲ့ အရှင်သခင်ရဲ့ လက်တော်ထဲမှာ လုံး၀အပ်နှံလိုက်တဲ့ အခါမှာ မျက်နှာက အရင်က ထက်တောင် ပိုလှလာတာ တွေ့ရပါတယ်။ ဘုရားသခင်က ကျွန်မဆီက လိုချင်တာက ယုံကြည်ခြင်း တစ်ခုတည်းပါ။ တကယ်ယုံကြည်ခြင်းနဲ့ ဆုတောင်းတဲ့အခါ လက်တွေ့ဘဲ ကောင်းကြီးမင်္ဂလာကို ခံစားရတာ ဖြစ်ပါတယ်။ စာဖတ်သူ အပေါင်းလည်း စိတ်နှလုံးအကြွင်းမဲ့ ယုံကြည်ခြင်းနဲ့ ဘုရားသခင်ထံ တိုးဝင် ချဉ်းကပ်နိုင်ကြပါစေလို့ သက်သေခံ သတင်းကောင်း ဖြန့်ဝေလိုက်ပါတယယ် ။

*မဿဲ ၁၇း၂၀(ခ) သင်တို့သည် မုန်ညင်းစေ့ခန့်မျှလောက် ယုံကြည်ခြင်းရှိလျှင် ထို တောင်ကို နေရာမှ ရွေ့ လော့ ဟုဆိုကြသော် နေရာမှရွေ့ လိမ့်မည်။* **နော်မေလဲ့ဝင်း**

---

## သက်သေခံချက်

## သက်သေခံချက် *Mary ( ရန်ကုန် )*

ရှေ့ဦးစွာ ဘုရားသခင်ရဲ့ ကြီးမားတဲ့ ကျေးဇူးတော်ကို ဂုဏ်ချီးမွမ်းပါတယ်။ ဘုရားရှင်ရဲ့ ကျေးဇူးတော်ကြောင့် ဒုတိယအကြိမ်မြောက် သက်သေခံခွင့်ရခြင်း ဖြစ်ပါတယ်။ ကျွန်မ အစပိုင်းတုန်းက စာချုပ်ပြည့်ရင် ဒီမိသားစုမှာ ဆက်လုပ်ဖို့ အစီအစဉ် မရှိပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လစာ နဲလို့ဘဲ ဖြစ်ပါတယ်။ ကျွန်မ ဘော့စ်က



**သခင့်စကား** ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၉ မတ်လ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အစား အသောက် တခြားဘာမှ မခွဲခြားပေမဲ့ ငွေကိုတော့ အရမ်းပဲ ကပ်စေး နဲပါတယ်။ သက်တမ်း မတိုးခင်က သူ ကျွန်မကို ပြောတယ်။ ကျွန်မကို သူ့ဆီမှာ ဆက်လုပ်စေချင်တယ်။ ဒါပေမဲ့ သူ အရမ်း မချမ်းသာတဲ့ အတွက်ကြောင့် လစာတော့ အများကြီး မတိုးပေး နိုင်ပါဘူးတဲ့။ အလွန်ဆုံး တိုးပေးနိုင်ရင်တောင် $ 30 ဘဲတိုးပေးနိုင်မယ်တဲ့။ သူတို့ တစ်မိသားစုလုံးကလည်း ကျွန်မကို အရမ်းချစ်ကြပါတယ်။ ခုတလော အိမ်မှာ လုပ်တဲ့ သူတွေရဲ့ လစာက အတော်တိုးလာပြီလေ။ သူဒီလောက် တိုးပေးရုံလေးနဲ့ ကျွန်မ ဆက်မလုပ်ချင်ဘူး။ $50 လောက်တိုးပေးရင် ကျွန်မ ဆက်လုပ်ဖို့ အစီအစဉ် ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ လစာနည်းတာက လွဲလို့ တခြားဘာမှ ပြောစရာမရှိပါဘူး။ မြန်မာပြည်မှာ ကျွန်မ မိသားစုနဲ့ နေရင်တောင် ဒီလိုနေနိုင်မှာ မဟုတ်ပါဘူး။ အဆင့်အတန်း ခွဲခြားခြင်းဆိုတာ မိသားစုမှာ လုံးဝမရှိပါဘူး။ စိုးရိမ်စရာ မရှိ၊ ပူပင်စရာ မရှိဘူး။ အားလုံးကလည်း ကျွန်မကို ချစ်ကြတော့ ကျွန်မ ဘော့စ်က မေးလာတယ်။ ဆက်လုပ်မလား။ မလုပ်ဘူးလား။ စာချုပ်ပြည့်ဖို့ ၄လ အလိုမှာ ကျွန်မ ဆက်မလုပ်ဘူး။ ကျွန်မ အလုပ်ပြောင်းမယ်လို့ ပြောလိုက်တယ်။ ကျွန်မ လစာ ကိစ္စလည်း မမေးဘူး။ အရင် ကတည်းက သူ ပြောထားပြီးသားကိုး။ သူတို့လည်း အတော် စိတ်မကောင်း ဖြစ်ကြတယ်။ ကျွန်မ ဘော့စ်ရဲ့ သူငယ်ချင်း/ အမျိုးတွေကလည်း ဆက်လုပ်ပေးဖို့ဘဲ ပြောကြတယ်။ လစာတိုးပေးဖို့ ကိစ္စ သူတို့ ကူပြောပေးမယ်တဲ့။ ကျွန်မ သူတို့ကို ရီပြတာက လွဲလို့ ဘာမှပြန်မပြောခဲ့ဘူး။ ကျွန်မလည်း စိတ်မကောင်းပါဘူး။ ကျွန်မ ဘာမှ မစဉ်းစားတော့ဘူး။ ကျွန်မ အနာဂတ်ကိုပိုင်တဲ့ အရှင်က သခင်ယေရှုပဲလေ။ ကျွန်မ *ယောဘ ၅း၈-၉* သွားဖတ်မိတယ်။ ဒါနဲ့ ကျွန်မ ဆုတောင်းလိုက်တယ်။ ကျွန်မ ဆန္ဒက ဒီ မိသားစုမှာ ဆက်လုပ် ချင်တယ်။ ဆက်လုပ်သင့်လား၊ မလုပ်သင့်ဘူးလား။ ကျွန်မ အတွက် အလိုတော်က ဘာလဲ၊ ကျွန်မ မသိဘူးလေ။ ဒါကြောင့် ကျွန်မ အမှုကို ဘုရားလက်ထဲ အပ်လိုက်ပါတယ်။ သမီးအတွက် အသင့်တော်ဆုံးသော အရာကို ပြင်ဆင်ပေးပါလို့ ဆုတောင်းခဲ့တယ်။ စာချုပ်အသစ် ထပ်ချုပ်ပြီးတဲ့ နောက်ပိုင်းမှာ သခင့်စကားမှာ သက်သေခံမယ်လို့ ကတိပေးခဲ့ပါတယ်။

ကျွန်မ ခွင့် တစ်ရက်တည်း ရတာမို့လို့ နောက်ထပ် ၁ရက်ထပ်လိုချင်တယ်၊ ကွန်ပျူတာ သင်တန်းလည်း တက်ချင် တယ်၊ လိုချင်တာက ပိုပြီးများလာတယ်။ လစာ တခုတည်း မဟုတ်တော့ဘူး။ အရင် တုန်းက ကျွန်မ ဘော့စ်က ပြောဖူးတယ်။ မြန်မာပြည် အလည်ပြန်ခွင့်က ၁၀ရက်ဘဲ ပေးနိုင်မယ်တဲ့။ ၂ပတ်တောင် မရဘူး။ ကျွန်မ ဘာမှ မစဉ်းစားဘူး။ ကျမ်းစာဖတ် ဆုတောင်းဘဲ ဆက်လုပ်လာခဲ့တယ်။ သူငယ်ချင်း မိတ်ဆွေကို ပြောပြပြီး ပိုင်း ဆုတောင်းခိုင်းတယ်။ တဖြည်းဖြည်းနဲ့ စာချုပ်ပြည့်ဖို့ နီးလာပြီ။ စိတ်ထဲမှာ နဲနဲတော့ ပူနေပြီ။ တညမှာ ကျွန်မ ဘော့စ်က အလုပ်ကပြန်လာတော့ မြန်မာပြည်မှာ ဖြစ်နေတဲ့ အကြောင်း တစ်ခုကို ပြောကြရင်း သူက မေးလာတယ်။ အလုပ် ဆက်လုပ်ပေးနိုင် မလားတဲ့။ ကျွန်မကလည်း ပြန်မေးလိုက်တယ်။ ကျွန်မကို လစာ ဘယ်လောက်တိုး ပေးနိုင်မလဲလို့ပေါ့။ အံ့သြစွာဘဲ ဘုရားက ကျွန်မကို သက်သေ ထူလိုက်တယ်။ ကျွန်မ လုံးဝ မမျှော်လင့်ထားဘူး။ $50 တောင် မမျှော်လင့်ရဲခဲ့တာ။ ကျွန်မကို လစာ $100 ကျော်ထိ တိုးပေးခဲ့ပါတယ် ကျွန်မ တက်ချင်တဲ့ ကွန်ပျူတာ သင်တန်းတက်ခြင်း၊ ခွင့် ၁ရက် ပိုရခြင်းနှင့် မြန်မာပြည် ပြန်ခွင့် ၁လ အသီးသီးကို အောင်မြင်စွာ ရရှိခဲ့ပါတယ်။ ကျွန်မ ဝမ်းသာလွန်းလို့ ဘာပြောရမှန်းတောင် မသိတော့ဘူး ဖြစ်သွားတယ်။

ဘုရား သခင်ကို ကျေးဇူးတင်လွန်းလို့ မျက်ရည်လည်း ဝဲမိတယ်။ ကျွန်မ သူငယ်ချင်း၊ မိတ်ဆွေ အားလုံးကိုလည်း ပြောပြမိတယ်။ သူတို့လည်း ကျွန်မနဲ့ အတူ ဂမ်းမြောက် ကြတယ်။ ဘုရားရှင်ရဲ့ ဂုဏ်တော်ကိုလည်း ချီးမွမ်းလို့ မဆုံးပါဘူး။ *ဟေရှာယ ၅၅ း ၈ - ၉* ဒီကျမ်းပိုဒ်ကိုလည်း ကျွန်မ အရမ်း ခွန်အားရပါတယ်။ အခုဆို စာချုပ် ချုပ်ပြီးလို့ ကျန်းမာ ပျော်ရွှင်စွာနဲ့ အလုပ်များကို ကောင်းမွန်စွာ လုပ်ကိုင်လျက် ရှိပါတယ်။ ဘုရားရှင်က ကျွန်မကို သူများနဲ့ မတူတဲ့ အထူးကောင်းကြီးကိုလည်း ပေးထားပါ သေးတယ်။ ကျွန်မ အပြင်ထွက်တဲ့ အပါတ်ကိုလည်း ကိုယ်ကြိုက်တဲ့ အပါတ် ထွက်လို့ ရသလို မြန်မာပြည် ပြန်လည်ခွင့် လ ကိုလည်း ကိုယ်ကြိုက်တဲ့ လ ကို ပြန်လည်ခွင့် ရခဲ့ပါတယ်။ ဘုရားရှင် အထူးဘဲကောင်းမြတ်ပါတယ်။ ချစ်သော ခရစ်ယာန် ညီအစ်ကို မောင်နှမ အားလုံးလည်း ဘယ်အမှုမဆို ခရစ်တော် လက်ထဲအပ်နှံပြီး ကျွန်မ နည်းတူ ကောင်းကြီးမင်္ဂလာခွက်ဖလား ခံစားနိုင်ပါစေလို့ ဆုမွန် တောင်းရင်းနဲ့ ဘုရားရှင်ရဲ့ ကောင်းမြတ်ခြင်း အကြောင်းကို သက်သေခံလိုက်ပါ တယ်။ ဖတ်ရှုသူ အားလုံးအပေါ် ဘုရားရှင် ကောင်းကြီး ပေးပါစေ။ အာမင်။ ခရစ်တော်နာမဥ္ဍ - Mary ( ရန်ကုန်)

---

**မိတ်ဆက်ပေးပါ** *ရွှေသဇင်* မိတ်ဆက်ပေးပါ

ကျမရဲ့ အိမ်ရှင်တွေက လက်ဂတ် ရတနာတွေကို ဟိုပစ်၊ ဒီပစ် ပစ်ထားပြီး၊ ရှာမတွေ့တဲ့ အခါကျရင်။ လာပါဒီအုံး၊ ရှာပေးပါဒီအုံး။ ငါ့အခန်းကို သန့်ရှင်းရေး လုပ်တာ နင်ဘဲ ရှိတယ်။ ငါ့ပစ္စည်းတွေ မတွေ့မိဖူးလား ဆိုတဲ့ မယုံသင်္ကာ ဒီလေသံတွေ မခံစား နိုင်ဘူး။ အလုပ် ပင်ပင်ပန်းပန်း လုပ်နိုင်ပေမဲ့၊ ဒီလေသံမျိုးတွေ ခံစားရတာ အခက်ဆုံး ပါဘဲ။ တနေ့တော့ သူဌေးသမီး အငယ်က သူ့နာရီ ဒေါ်လာ ၅ဂဂဂ တန် ရှာမတွေ့လို့ ကျမကို လေသံမာမာနဲ့ ရှာပေးဘို့ ထပ်တလဲလဲပြောတယ်။ ကျမ စိတ်ထဲမှာ လုံးဂ မရှာ ပေးချင်ဘူး။ ဒါပေမဲ့ အိုကေ တခွန်းဘဲ ပြောလိုက်တယ်။ ညကျတော့ ကျမ အိပ်ယာ မဂင်ခင် ကျမ ဆုတောင်းတဲ့ အခါ သူ့နာရီကို သူဘယ်မှာ ထားသလဲ၊ သတိရတဲ့ သူ့စိတ်ကို ဘုရားသခင် နှိုးဆော်ပေးပါ။ ဒီအမှုအရာ ကိုယ်တော် တတ်နိုင်တယ်။ သက်သေ ခံနိုင်ဖို့ ကိုယ်တော် သမီးကို မစပါလို့ ရိုးရိုးလေးဘဲ ဆုတောင်းလိုက်ပါ တယ်။ နံနက်ခင်း မနက်စာ ကျမ ပြင်နေတဲ့အချိန်မှာ၊ ထမင်းစားခန်းထဲ ဂင်လာပြီး သူ့နာရီကို တွေ့ပြီးဆိုတဲ့ အကြောင်း အားနာတဲ့ မျက်လုံးနဲ့ ကျမကို လာပြောပါတယ်။ ဒါနဲ့ ကျမ ချက်ချင်း သက်သေခံလိုက်တယ်။ ညတုန်းက ငါဘုရားကို ဆုတောင်းတယ် နင့်စိတ်ကို ဘုရားက နှိုးဆော်ပြီး နင်ဘယ်မှာ ထားခဲ့သလဲဆိုတာ နင် သတိရဖို့ ငါ ဘုရားကို ဆုတောင်းတဲ့အခါ ဘုရားသခင်က ငါ့ကိုချက်ချင်း အဖြေပေးတယ်။ ဘုရား သခင်က နင်နဲ့ ငါ့အပေါ် ကောင်းတယ်လို့ ပြောလိုက်တာပေါ့။ အံ့သြ လေးစားတဲ့ မျက်လုံးနဲ့ ကျမ အကြည့်ခံလိုက်ရပါတယ်။ ဣသရေလ တိုင်းပြည်က ကျွန်မလေးက ထာဂရဘုရား အသက်ရှင်တဲ့ အကြောင်း ပရောဖက် ဧလိရှဲနဲ့ သူ့သခင် ဗိုလ်ချုပ် နေမန်ကို မိတ်ဆက်ပေးသလိုဘဲ မြန်မာပြည်ကလာသော ယုံကြည်သူ မြန်မာ အိမ်အကူ အလုပ်သမလေးတွေလည်း ကိုယ့်ရဲ့ အလုပ်ရှင် သူဌေးတွေကို ထာဂရ ဘုရားသခင် အသက်ရှင်ကြောင်း မိတ်ဆက်ပေးနိုင်တဲ့ သူတွေဖြစ်နိုင်ကြပါစေ။ **ရွှေသဇင်**

---

## ဘုရားသခင်ကိုကြောက်ရွံ့လေးစားခြင်းမရှိသူများအကြောင်း *လောမဲ*

**မထီမဲ့မြင်ပြုခြင်း။** *အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင် ပြုခြင်းကို ခံတော်မမူ။ လူသည် မျိုးစေ့ ကြဲသည် အတိုင်း၊ အသီးအနှံကို ရိတ်ရလိမ့်မည်။ ဂလာတိ ၆း၇*
*ငါတို့ဘုရားသခင်သည် လောင်သောမီး ဖြစ်တော်မူ၏။ ဟေဗြဲ ၁၂း၂၉*

ခရစ်ယာန် အသင်းတော်တပါးတွင် လူငယ်အသင်းအုပ်ဆရာ တပါးရှိသည်။ အမှုတော်ဆောင်ဘဂ ရောက်သော်လည်း လူငယ်ဘဂတွင် ရှိတတ်သော ဇာတိပကာတိ သဘော အပြည့်အဂ ရှိဆဲပင်။ သူ့အကြောင်း သိသော အသင်းသူ အသင်းသားများသည် သူ့ကို မလေးစားကြ။ တနေ့- တနင်္ဂနွေဂတ်ပြုစည်းဂေးတွင် ဆရာသည် ခရစ်တော်၏ သွေးတော်အကြောင်းကို ဟောပြောပါသည်။ ပရိတ်သတ်ထဲ ထိုင်နေသူ အကြောင်းသိ အမျိုးသမီး တစ်ဦးသည် ဘေးမှာ ထိုင်နေသော သူငယ်ချင်းတစ်ဦးကို ကပ်ပြီး ဆရာဟောပြောသော တရားစကားကို တိုးတိုးလေး ကပ်ပြီး လှောင်နေပါသည်။ ဂတ်ပြုခြင်း မပြီးမီ ထိုအမျိုးသမီး၏ ပါးပြင်တွင် အနာကွက်များ ချက်ခြင်း ပေါ်လာ ပါတော့သည်။ သို့သော် သူ့ကိုယ်သူ မသိလိုက်။

ထို့နောက် အမျိုးသမီးသည် သူမ၏ မျက်နှာပြင်မှ အနာကို တတ်ကျွမ်းသော ဆရာဂန်နှင့် ကုသခဲ့ပါသည်။ မပျောက်၊ ထို့ကြောင့် အရေပြား အထူးကု ဆရာဂန်များနှင့် ဆေးကုသမှုကို ခံယူသော်လည်း ပျောက်ကင်းခြင်း မရှိ။ အထူးကု ဆရာဂန်ပြောင်းပြီး ကုသပြန်၏။ ဒီတစ်ခါ ဆရာဂန်က ခရစ်ယာန်ယုံကြည်သူ။ ဆရာဂန်သည် သူ၏ ဆေးကုသ ခဲ့သော မှတ်တမ်းများကို လေ့လာပြီး သူ့ကိုမေးလိုက်သည်။

ဆရာဂန်= သမီး ဘာတွေ လုပ်ခဲ့သလဲ။ အမျိုးသမီးသည် ဆရာဂန် ရည်ရွယ်သော မေးခွန်းကို နားမလည်ခဲ့။ ဆရာဂန်= ဘုရားသခင် မကြိုက်တဲ့အရာ၊ အမင်္ဂလာဖြစ်တဲ့ အရာတွေ လုပ်ခဲ့မိတာ ရှိလား။ ဆရာဂန်၏ မေးခွန်းကို တဖြည်းဖြည်း စဉ်းစားလိုက်၏။ နောက်ဆုံးတွင် လူငယ် အသင်းအုပ်ဆရာ တရားဟောစဉ်က တိုးတိုးလေး လှောင်ပြောင် ခဲ့ကြောင်း သတိရလိုက်ပြီး ဆရာဂန်ကို ပြောပြလိုက်ပါသည်။ ဆရာဂန်က ဆက်ပြောသည်မှာ- သင်းအုပ် ဆရာ၊ တရားဟောဆရာများသည် လူသား ဖြစ်သည့် အလျောက် မည်သူမှ မပြည့်စုံနိုင်။ မတူညီသော အားနည်းချက်များ ကိုယ်စီ ရှိကြပါသည်။ ဘုရား ကျောင်းထဲ တွင် တရားဟောသည့်အခါ တခါတရံတွင် ဆရာ သမားများ ဟောသည်ထက် သန့်ရှင်းသော ဂိညာဉ်တော်မှ ဂင်ရောက်ပြောဆိုခြင်း ဖြစ်သည်။ တရားဟောချက်ကို လှောင်ပြောင် ခြင်းသည် သင်းအုပ်ဆရာကို လှောင်ပြောင်ရာ မရောက်။ နှုတ်က ပတ်တော်ကို မထီမဲ့မြင်ပြုခြင်း ဖြစ်သလို သန့်ရှင်းသော ဂိညာဉ်တော်ကို မထီမဲ့မြင် ပြုရာ ရောက်၏။ ဆေးပညာ အရ ဒီလောက် ကုထားသည်မှာ မုချပျောက်ရမည်။ မပျောက်ရသည့် အကြောင်းသည် ဘုရားသခင်


သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၉ မတ်လ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

အလိုမရှိသောကြောင့်ဖြစ်၏။ ထို့ကြောင့် ဘုရားသခင်ကို တောင်းပန်ပြီး အသင်းအုပ်ဆရာကိုပါ တောင်းပန်ရန် လို ကြောင်း ဆရာဂန်မှ ပြောလိုက်ပါသည်။
သို့သော်လည်း အမျိုးသမီးသည် ဆရာကို သွားမတောင်းပန်ခဲ့သလို သူ၏ မျက်နာမှ အနာ သည်လည်း မပျောက်ဘဲ ရှိနေခဲ့ပါသည်။ ကျန်းမာရေး ချို့တဲ့လာသော လူငယ် သင်းအုပ်ဆရာသည် ဆေးရုံတွင် ဆေးကုသခံယူရပါသည်။ ဆရာဂန်များ၏ အဆိုရ သူ၏ နောက်ဆုံးအချိန်ကို ရောက်ခဲ့ပါသည်။ အမျိုးသမီးသည် ဆေးရုံပေါ်တွင် ဆရာကို သွားတောင်းပန်ခဲ့ပါသည်။ နောက်ပိုင်းတွင် အမျိုးသမီး၏ မျက်နာမှ အနာ သည် လုံး၀ ပျောက်ကင်းသွားခဲ့ပါသည်။

**<u>အဆိုတော်ဂျွန်လင်နွန် (John Lenon)</u>**



The Beatle တေးဂီတ အဖွဲ့မှ နာမည်ကြီး အဆိုတော်ဖြစ်သည်။ ခရစ်ယာန် လောကသည် မကြာခင် အဆုံးသတ်တော့မည်။ သခင်ယေရှုကတော့ အဆင် ပြေပါတယ်၊ ဒါပေမဲ့ သူ့ သွန်သင်ချက်တွေက ရိုးလွန်းပါတယ်။ ဒီကနေ့ ကျနော်တို့ အဖွဲ့ဟာ သူ့ထက်ပိုပြီး ကျော်ကြားတယ်။ ဤစကားကို ဂျွန်လင်နွန်သည် အမေရိကန် မဂ္ဂဇင်း တစုနှင့် အင်တာဗျူးလုပ်သည့်အခါ ပြောသွားခြင်းဖြစ်သည်။ ထိုစကားပြောပြီး ၆လ အကြာတွင် စိတ်မနှံ့သူ တစ်ဦးက ဂျွန်လင်နွန်ကို သေနတ်ဖြင့် ၆ချက် ပစ်ခဲ့သဖြင့် အသက် ဆုံးပါးခဲ့ရပြီး The Beatle တေးဂီတအဖွဲ့လည်း ပျက်သုန်းခဲ့ရပါသည်။
*လက်ရုံးတော် အားဖြင့် တန်ခိုးကို ပြတော်မူပြီ။ မာနထောင်လွှားသော သူတို့ကို ကွဲလွင့်စေတော်မူပြီ။ လုကာ၁း၅၁။*

**<u>တန်ခရိဒို Tancredo Neves ဘရာဇီးနိုင်ငံ၏ ၃၄ ဦးမြောက် သမ္မတ</u>**



သမ္မတ ရွေးကောက်ပွဲအတွက် မဲဆွယ်ပွဲတွင် သူပြောခဲ့သော စကားတစ်ခွန်းမှာ- "သူ့ ပါတီမှ မဲ ၅၀၀ ရခဲ့ရင် ဘုရား သခင်တောင် သူ့ကို သမ္မတရာထူးမှ ဖြုတ်လို့ မရပါ" ဟုဖြစ်သည်။ သူပြောခဲ့သည့်အတိုင်း အနိုင်မဲ ရခဲ့ပြီး သမ္မတ အဖြစ် ရွေးကောက် တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ သို့ သော် သမ္မတရာထူး စတင် မထမ်းဆောင်ခင် ၁ရက် အလို တွင် ဖျားနာပြီး သေဆုံးသွားခဲ့ရပါသည်။
*ငါ သတိပေးခြင်းကို အလျှင်းနားမခံကြ။ ငါဆုံးမခြင်း ရှိ သမျှကို မထီမဲ့မြင်ပြုကြ၏။ ထိုကြောင့် သူတို့သည် ကိုယ်ကျင့်ခြင်း၏ အကျိုးအပြစ်ကို စား၍၊ ကိုယ်ကြံသော အကြံတို့နှင့် ၀ကြလိမ့်မည်။ သုတ္တံ ၁း၃၀-၃၁*

**<u>ခါဇူဇာ Cazuza ဘရာဇီးလူမျိုး တေးရေး အဆိုတော် ကဗျာဆရာ</u>**



ဂီတပြပွဲတစ်ခု၏ စင်မြင့်ပေါ်တွင် မထီလေးစား ဟန်ဖြင့် စီးကရက် သောက်ရင်း စီးကရက် မီးခိုးကို လေထဲ မှုတ်ထုတ်လျှက် "ဒါကတော့ ဘုရားသခင်အတွက် ပါ" ဟုပြောခဲ့ပါသည်။ သူသည် အသက် ၃၂နှစ် အရွယ်တွင် ခုခံအား ကျဆင်းခြင်း ရောဂါ AIDS ကြောင့် အလွန် ဆိုးဂါးသော အခြေအနေဖြင့် သေဆုံး သွားခဲ့ရပါသည်။
*ထောင်လွှားစော်ကားသော သူတို့ကို ဘုရားသခင် ဆီးတားတော်မူ၏။ စိတ်နှိမ့်ချသော သူတို့အား ကျေးဇူးပြုတော်မူ၏ ဟုလာသတည်း။ ယာကုပ် ၄း၆*




<u>တိုင်တန်းနစ်သင်္ဘော TITANIC</u>

တိုင်တန်းနစ် သင်္ဘောအား တည်ဆောက်ခဲ့သောသူက၊ သူ့စိတ်ကြိုက် တည်ဆောက်ခဲ့သော သင်္ဘောအကြောင်းနှင့် ပတ်သက်ပြီး ခက်ထန်မာကြောသော လေသံဖြင့် ပြောခဲ့သည်မှာ- "ဒီသင်္ဘောကို ဘုရားသခင်က ဆွဲနှစ်ခဲ့ရင်တောင် မနစ်မြုပ်နိုင်ဘူး" ဟုဖြစ်သည်။ သင်္ဘော၏ ပထမဆုံး ခရီးစဉ်တွင် သမုဒ္ဒရာရှိ ရေခဲတုံးကို တိုက်မိပြီး အချိန်တိုအတွင်း လုံး၀နစ်မြုပ်ခဲ့သဖြင့် ကမ္ဘာကျော် လူပုဂ္ဂိုလ်များ အပါအ၀င် လူပေါင်း ၁၅၉၅ ဦး သေဆုံးသွားခဲ့ရပါသည်။
*အကြောင်းမူကား၊ သင်တို့၏ ဘုရားသခင် ထာ၀ရဘုရားသည် လောင်သောမီး၊ အပြစ် ရှိသည်ဟု ယုံလွယ်သော ဘုရား ဖြစ်တော မူ၏။ တရားဟောရာကျမ်း ၁၄း၂၄။*



<u>မာရီလင်မွန်ရိုး (Marylyn Monroe)</u>

နာမည်ကြီး ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးတစ်ဦး ဖြစ်ပါ သည်။ တရားဟောဆရာ Billy Graham သည် သန့်ရှင်းသော ဂိညာဉ်တော် ဖော်ပြချက်ဖြင့် ပွဲစဉ်တစ်ခု အပြီးတွင် မင်းသမီး မွန်ရိုး အား ကယ်တင်ခြင်းနှင့် သခင် ယေရှု အကြောင်းကို သွားပြော ခဲ့ပါသည်။ မင်းသမီးက ပြန်လည်ပြောခဲ့သည်မှာ "ကျမ အတွက် ရှင်ပြောတဲ့ သခင်ယေရှု ကို မလို အပ်ပါဘူး" ဟု ဖြစ်ပါသည်။
နောက်တစ်ပတ်တွင် မင်းသမီးမွန်ရိုးသည် သူ့အခန်းတွင် သေဆုံး လျှက် ရှိကြောင်း တွေ့ရှိခဲ့ ရပါသည်။
*ပရောဖက်ပြုခြင်းကို မထီမဲ့မြင် မမှတ်ကြနှင့်။ ၁သက်၅း၂၀။*
*နှုတ်ကပတ်တော်ကို မထီမဲ့မြင် ပြုသောသူသည် ပျက်စီးလိမ့်မည်။ ပညတ် တရားတော်ကို ခန့်ညားသော သူမူကား၊ ချမ်းသာရလိမ့်မည်။ သုတ္တံ ၁၃း၁၃*



<u>ဘွန်စကော့ Bon Scott</u>

အေစီဒီစီ၏ တေးသံရှင်ဟောင်း (AC/DC Ex-vocolist) ဖြစ်ပြီး ၁၉၇၉ တွင် သူသီဆိုခဲ့သည့် သီချင်း တစ်ပုဒ်၏ စာသားမှာ- "ငါ့ကို မတားနှင့်၊ ငါအေးေပြးလမ်းမှ တဆင့် ငရဲပြည်ကို တခါတည်း ဆင်းမယ်" ဟုဖြစ်သည်။
ဖေဖော်ဂါရီလ ၁၉ရက် ၁၉၈၀ တွင် သူသည် အံဖတ် ဆို့လျှက် ကားထဲတွင် သေဆုံးသွားခဲ့ပါသည်။ "Highway to Hell" အယ်လ်ဘန်သည် သူ၏ နောက်ဆုံးသီချင်းစီးရီး ဖြစ်ခဲ့ပါသည်။
*မာနထောင်လွှားခြင်း၊ စော်ကားခြင်း၊ မကောင်းသောလမ်းသို့ လိုက်ခြင်း၊ ကောက် သော စကားဖြင့် ပြောဆိုခြင်းတို့ကို ငါမုန်း၏။ သုတ္တံ ၈း၁၃။*



<u>ခရစ်တင်းဟူးဂစ် Christine Hewitt</u>

ဂျမေကာနိုင်ငံမှ သတင်းထောက်နှင့် ဖျော်ဖြေ တင်ဆက်သူ ဖြစ်သည်။ သူမ၏ စကားတစ်ခွန်းမှာ- " သမ္မာကျမ်းစာသည် ရှိသမျှ စာအုပ်ထဲတွင် အဆိုးဂါးဆုံး ဖြစ်သည်"ဟုဖြစ်သည်။
ဇွန်လ ၂၀၀၆ တွင် သူသည် မမှတ်မိ နိုင်လောက်အောင် သူမ၏ ကားထဲတွင် မီးလောင် သေဆုံးသွားခဲ့ပါသည်။
*မထီမဲ့မြင် ပြုသောသူတို့ အဘို့ အပြစ်စီရင်ခြင်း၊ မိုက်သော သူတို့၏ ကျောအဘို့ ဒဏ်ပေးခြင်းသည် အသင့်ရှိ၏။ သုတ္တံ ၁၉း၂၉*

**<u>ဘရာဇီးနိုင်ငံ ကန်ဗီနပ်စ်မြို့ (၂၀၀၅ ခုနှစ်)</u>**

အရက်မူးနေသော လူငယ်တစ်စုသည် သူငယ်ချင်းတစ်ဦးကို ကားဖြင့်သွားခေါ်ရန် ပြင်ဆင် နေစဉ် အမေဖြစ်သူက ကားဆီလိုက်ပို့ရင်း စိုးရိမ်စွာဖြင့် ကားထဲမှာ ထိုင်နေသော သမီးဖြစ်သူ၏ လက်ကိုကိုင်လျှက်- "သမီး ဘယ်နေရာမဆို ဘုရားနှင့်သွားပါ။ သမီးကို ဘုရားသခင် စောင့်ရှောက်ပါစေ" ဟု စိုးရိမ်တကြီး သတိပေးခဲ့သည်။ သမီးဖြစ်သူ ပြန်ပြောလိုက်သည်မှာ- "*ဘုရားသခင် လိုက်ချင်ရင်တော့ ကားနောက်ဖုံး ထဲမှာ လိုက်နိုင်ပါတယ်။ ရှေ့က ထိုင်ခုံတွေမှာတော့ ပြည့်နေပြီ*" ဟုဖြစ်ပါသည်။ နာရီ အနည်းငယ်အကြာတွင် သတင်းဆိုးတစ်ခု ပြန်ရောက်လာသည်မှာ ယာဉ်တိုက်မှု ဖြစ်ပွားခဲ့ပြီး ကားထဲတွင် လိုက်ပါလာသူ အားလုံး ပွဲချင်းပြီး သေဆုံးသွားခဲ့ကြပါသည်။ မော်တော်ကားသည် အမျိုးအစား မမှတ်မိနိုင်လောက်အောင် ပျက်ဆီး သွားသော်လည်း ကားနောက်ဖုံးမှာ လုံး၀ ပျက်ဆီးခြင်း မရှိဘဲ အကောင်း ပကတိ ဖြစ်နေပါသည်။ အမှုစစ် ရဲက ပြောပြသည်မှာ ကားနောက်ဖုံး မပျက်ဆီးခြင်းသည် လုံး၀ မဖြစ်နိုင်သောအရာ တစ်ခုဖြစ်ပြီး၊ ပို၍ ထူးဆန်းသည်မှာ နောက်ဖုံး ထဲတွင် ကြက်ဥ တစ်ဘန်း ရှိပြီး ကြက်ဥတစ်လုံးမှ မကွဲဘဲ အားလုံး ပကတိအကောင်း ဖြစ်နေခြင်းပေ။ *ဆုံးမခြင်း စကားကို ပယ်သောသူသည် မိမိ အသက်ဝိညာဉ်ကို မထီမဲ့မြင်ပြုရာသို့ ရောက်၏။ သုတ္တံ ၁၅း ၃၂။* မေတ္တာဖြင့် - **လောမဲ**

----------------------------------------------------------------------------


**သခင့်စကား** ဝိညာဉ်ရေးရာ စာစောင်၊ အမှတ်စဉ် ၁၃၉ မတ်လ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများ အတွင်း အခမဲ့ ဖြန့်ချိရန် **ကန့်သတ်** ထုတ်ဝေသည်။

# အံ့ဩဖွယ်မွေ့ယာလေး

## အံ့ဩဖွယ်မွေ့ယာလေး (ဘာသာပြန် - ဦးသန်းစိုး)



ကျွန်တော်တို့ရဲ့ ကလေးငယ်လေးကို ကြက်ဥသေတ္တာ ထဲမှာ ထည့်သိပ်လေ့ ရှိပါတယ်။ ကြက်ဥသေတ္တာ ဆိုပေမဲ့ တစ်ဒါဇင်၊ နှစ်ဒါဇင်ထည့်တဲ့ ခွက်တွေနဲ့ ဖော့ဘူး မျိုးတော့ မဟုတ်ပါဘူး။ အလုံး ၁၀၀၀ ကျော်ဆန့်တဲ့ ကတ်ထူ စက္ကူသေတ္တာပုံး ကြီးကြီး ကိုပြောတာပါ။ ကျွန်တော့ ဇနီးက သူရဲ့ ဉာဏ်ပညာနဲ့ ကတ်ထူပုံးကို ပိတ်စ ခင်းပြီး၊ သေးကနေ လှပအောင် လုပ်ထားတော့လည်း ကလေးအတွက် အဆင်ပြေပါတယ်။ သို့သော် ယခု အချိန်မှာ ကလေးက ၅လ ရှိလာပြီမို့ ဒီသေတ္တာထဲမှာ ကျပ်လာပြီး အပြင်မှာ သိပ်ဖို့ မွေ့ယာတစ်ခု လိုအပ်လာပါတယ် ။

ကျွန်တော်က ကျောင်းတစ်ဖက်နှင့် ညပိုင်းမှာ အလုပ်လုပ်ပြီး မိသားစုအတွက် ဝင်ငွေရရန် ခြင်တွေ ဖမ်းရပါတယ်။ ခြင်တစ်ကောင် တစ်ပဲနှုန်းနှင့် ကျန်းမာရေးဌါနမှ ဆုငွေလေးကို ရပါတယ်။ မိသားစုအတွက် လိုအပ်သမျှ ကွန်တော် ဖြည့်ဆည်းပေးနိုင် ခဲ့ပါတယ်။ သို့သော် ယခု အချိန်မှာ ကလေး ၃ယောက်နှင့် ဆိုတော့ မိသားစု ၅ယောက် မို့ တော်တော်လေး ချွေတာသုံးစွဲရပါတယ်။ ဒါကြောင့်မို့ ကလေးအငယ်ဆုံး အတွက် ပုခက် မဝယ်ဘဲ စက္ကူပုံးနှင့် ထည့်သိပ်လေ့ ရှိပါတယ်။

တနေ့သော ည မိသားစု ဆုတောင်းစည်းဝေးလုပ်တဲ့ အခါမှာ ဇနီးသည်က ထာဝရဘုရားထံ "အဖဘုရားသခင်၊ သမီးလေး အိ ဟာ စက္ကူပုံးလေးနှင့် အိပ်ခဲ့တာ ယခု ၅လ ကျော် ရှိပါပြီ။ ကျန်းမာတဲ့ ကလေးဖြစ်လို့ ဘုရားသခင်ကို ကျေးဇူးတင်ပါ တယ်။ ယခု သူ့အတွက် အပြင်မှာ အိပ်ဖို့ မွေ့ယာလေး တစ်ခု လိုအပ်ပါတယ်။ ဘုရားသခင် သိပါတယ်။ ကျွန်မတို့မှာ အဟောင်းတစ်ခု ရှိတာကြာပါပြီ။ ခလေး နှစ်ယောက်အတွက်လည်း သုံးခဲ့ပြီးတာမို့ မကောင်းတော့ပါဘူး။ ဒါကြောင့် မွေ့ယာ အသစ်လေး တစ်ခုလောက် ပေးပါ ဘုရား" လို့ ရိုးရိုးရှင်းရှင်းလေး ဆုတောင်းပါတယ်။

ဇနီးသည်ကတော့ ရိုးရိုးသားသား ဆုတောင်းတာဖြစ်ပေမဲ့ ကျွန်တော့မှာတော့ ကျောင်းတဖက်၊ အလုပ်တဖက်နှင့် ငွေပိုငွေလျှံ မရှိလို့ ယခုလို မဝယ်နိုင်တဲ့အတွက် စိတ် မကောင်းဖြစ်ရပါတယ်။ ကျွန်တော် ဘယ်လို ဖြည့်ဆည်း ပေးရမယ်ဆိုတာ စဉ်းစား မရပါဘူး။

ကျွန်တော်တို့ မိသားစုအကြောင်း အနည်းငယ် ပြောပြရရင်တော့ ကျွန်တော်တို့ ဟာ အသက် ငယ်ငယ်မှာ အိမ်ထောင်ကျကြပါတယ်။ နှစ်ဦး သဘောတူဆုံးဖြတ်ချက် ထားရှိတာကတော့၊ ဘယ်ပစ္စည်းမှ အကြွေး မဝယ်ဘူး။ သူများဆီက ငွေ မချေးဘူး။ မိသားစုရဲ့ လိုအပ်ချက်ကို ဘုရားသခင်မှ လွဲ၍ မည်သူ့ကိုမှ မပြောဘူးလို့ ဆုံးဖြတ် ချက် ထားခဲ့ပါတယ်။ ဆုံးဖြတ်ချက်အတိုင်း ပြည့်ပြည့်ဝဝ မနေနိုင်ပေမဲ့လည်း အတတ် နိုင်ဆုံး ကြိုးစားထိန်းသိမ်းနေပါတယ်။ တကယ်တော့ ကျွန်တော်တို့ နှစ်ယောက် ခေါင်းမာ နေကြလို့ ကလေးငယ်လေး စက္ကူပုံးနှင့် အိပ်နေရတာလားလို့လည်း စဉ်းစားမိ ပါတယ်။

ကျွန်တော့ ဇနီး ဆုတောင်းပြီး တပတ်လောက်ကြာတဲ့နေ့ ကျောင်းဆင်းချိန်မှာ ကျွန်တော့ သူငယ်ချင်းက အရေးကြီး ကိစ္စတခုအတွက် အချိန်မှီသွားဘို့ အခက်အခဲ ရှိနေတာကြောင့် ကျွန်တော့ကားနှင့် သူ့ကို အချိန်မှီရောက်ဖို့ ကူညီလိုက်ပို့ပေးပါတယ်။ ကျွန်တော်တို့ St John မြစ်ကူးတံတားကို ဖြတ်ရပါတယ်။ တံတားဟာ တစ်မိုင်လောက် ရှည်ပြီး၊ ရေမျက်နှာပြင်မှ ပေ ၁၀၀လောက် အမြင့်မှာရှိပြီး၊ အဝေးပြေးလမ်း အမှတ် ၁ နှင့် ၁၇ အတွက် အဓိက တံတားဖြစ်ပါတယ်။ အလယ်ပိုင်းမှာတော့ သံဘောင်တွေနဲ့ ခပ်မြင့်မြင့် တည်ဆောက်ထားတဲ့အတွက် သဘော်တွေ တံတားအောက်မှ ဖြတ်သွား နိုင်ပါတယ်။ ကျွန်တော်တို့ကား ဒီသံဘောင်တန်းတွေ နေရာကို ဖြတ်နေစဉ်၊ လမ်း ဘေးနားမှာ ပစ္စည်းတခု တွေ့လို့ ကြည့်လိုက်တော့ မွေ့ယာငယ် အသစ်လေး တခု ဖြစ်နေပါတယ်။

ကားနောက်မှာလည်း ကုန်တင်ယာဉ်တစီး ကပ်လိုက်နေတာကြောင့် ကျွန်တော့ ကားကို ရပ်လို့မရဘဲ ရှေ့သို့သာ ဆက်မောင်းလာခဲ့ ရပါတယ်။ အဝေးပြေးလမ်း ဖြစ်တဲ့ အတွက် မြို့ထဲထိအောင် ကားများနှင့် ရောပြီး မောင်းလာခဲ့ရပါတယ်။ ကားကို ပြန်ကွေ့ဘို့ ကတော့ မဖြစ်နိုင်တော့ပါ။ ကျွန်တော့ သူငယ်ချင်းအား လိုရာကို ပို့ပေးပြီး၊ သူက ပြန်လိုက်လာပါတယ်။ ကျွန်တော်တို့ အပြန်မှာ အဝေးပြေးလမ်းမ ရောက်ဘို့ မိနစ် ၃၀လောက် မောင်းခဲ့ရပါတယ်။ သို့သော် ကျွန်တော်တို့ အဲဒီနေရာ ပြန်ရောက် တော့ မွေ့ယာလေးက ရှိနေသေးတာကြောင့် ကျွန်တော်က ကားကို ရပ်လိုက်တာနဲ့ သူငယ်ချင်းက မွေ့ယာကို အမြန်ကောက်ယူပြီး ကားနောက်ခန်းထဲ ခုန်ဝင်လိုက်ပြီး ကားကို ဆက်မောင်း လာခဲ့ပါတယ်။

မွေ့ယာ လေးကတော့ ကုန်ကား တစီးစီးပေါ်က ကျကျန်ရစ်ခဲ့တာ ဖြစ်ပါလိမ့် မယ်။ ပိုင်ရှင်ကို ပြန်ပေးဘို့ကလည်း မဖြစ်နိုင်တော့ပါ။ ဒ့ါကြောင့် ဘုရားသခင်ထံ ဝမ်းမြောက်ခြင်းဖြင့် ကျေးဇူးတင်ရင်း အိမ်ပြန်ခဲ့ပါတယ်။ အိမ်ရောက်တော့ ဇနီးသည်က မွေ့ယာလေး တွေ့တာနဲ့ ဝမ်းသာပျော်ရွှင်နေပါတယ်။ အကျိုးအကြောင်းပြောပြပြီး ကလေး ကုတင် အဟောင်းနှင့် မွေ့ယာ အံ့ဝင်ခွင်ကျ ဖြစ်ပါ့မလား မသိဘူးလို့ ပြောလိုက်တော့ ဇနီးသည်က ဘုရားသခင် အံ့ဩဖွယ် စီစဉ်ပေးမှုတော့ အတိအကျ အံ့ဝင်ခွင်ကျ ဖြစ်မှာပေါ့လို့ ပြောပြီး၊ ကုတင်ဟောင်းလေးကို ဆွဲထုတ်၊ မွေ့ယာကို ခင်းလိုက်တော့ အံ့ဝင်ခွင်ကျပါဘဲ။ အတိအကျ ချုပ်ထားတဲ့ အတိုင်းပါဘဲ။ ဇနီးသည်၏ ယုံကြည်ခြင်းဖြင့် ပြောတဲ့စကား တကယ့်ကို မှန်နေတာကြောင့် ကျွန်တော် အံ့ဩရင်း ဝမ်းသာ မဆုံး ဖြစ်ရပါတယ်။

ဘုရားသခင်က အံ့ဩဖွယ် စီစဉ်ပေးမှုတော့ အတိအကျ အံ့ဝင်ခွင်ကျ ဖြစ်ရမှာ ပေါ့။ ကျေးဇူးတင်ပါတယ် အဖဘုရားသခင်ရယ်။ ။

စာရေးသူ - JOHN W. COWART/FLORIDA ( ဘာသာပြန်သူ - ဦးသန်းစိုး )

---------------------------------

# အသက်တာနှင့်ကောင်းကြီး

## အသက်တာနှင့်ကောင်းကြီး

ကျွန်မ Daddy အမြဲပြောလေ့ရှိတဲ့ စကားတစ်ခွန်းကတော့ ဘုရားသခင်ပေးတဲ့ ကျွန်မတို့ အသက်တာကို အမှားတွေနဲ့ မရှင်သန်မိဖို့ရန်နှင့် ကျွန်မတို့အတွက် ဘုရားသခင် ပေးထားတဲ့ ကောင်းကြီးတွေကို တန်ဖိုးထားတတ်ဖို့ပါပဲ။ Daddy ကျွန်မကို ကျမ်းစာကျောင်း တက်ဖို့ တိုက်တွန်းခဲ့တဲ့ အချိန်က ကျွန်မကိုယ် ကျွန်မ မပြောင်းလဲ နိုင်သေးဘဲနဲ့ သူတစ်ပါး အသက်တာပြောင်းလဲဖို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး လို့ အဖြေပေးခဲ့မိတယ်။ တကယ်လဲ ကျွန်မရဲ့ မနာလိုမှု၊ စိတ်မရှည်မှု၊ သည်း မခံနိုင်ခြင်း၊ သူတစ်ပါးကို အပြစ်တင် ပြောခြင်း၊ မနှိမ့်ချခြင်း၊ ဘုရားသခင်နှင့် အချိန် ပေးမှု နည်းပါးခြင်း အစရှိတဲ့ ကျွန်မရဲ့ မကောင်းတဲ့ အကျင့်တွေနဲ့ ဘုရားသခင်ရဲ့ အမှုတော်ကိုဆောင်ဘို့ မထိုက်တန်ဘူးလို့ ကျွန်မကိုယ် ကျွန်မ ခံယူပြီး ကျမ်းစာ ကျောင်း တက်ပြီး အမှုတော်ဆောင်ဖို့ လုံးဝကို စိတ်မကူးခဲ့ပါဘူး။ ကျွန်မ Daddy ကတော့ အမှုတော်ဆောင် ပီသစွာနဲ့ နှိမ့်ချခြင်း အသက်တာနဲ့ ပုံသက်သေ ပြနိုင် သလောက် ကျွန်မကတော့ ထစ်ကနဲဆို ဒေါသက အရင်ထွက်မိတော့ပါပဲ။ ကျွန်မ စက်ာပူကို ထွက်လာပြီးမှ ကျွန်မ Daddy ရဲ့ စကားတွေရဲ့ တန်ဖိုးကို သိမြင်လာမိ တယ်။ ကျေးဇူးတော်ကြောင့် ဘုရားကျောင်း တက်ခွင့်ရတယ်။ အစစ အရာရာ အဆင် ပြေအောင် ဘုရားသခင်က ကောင်းကြီးတွေ ပေးထားပါတယ်။ ကျွန်မ အတွက် ပေး ထားတဲ့ ကောင်းကြီးတွေ ရေတွက်လို့ မကုန်နိုင်အောင်ပါဘဲ။ အဲဒီ ကျေးဇူးတော်ကို ရေတွက် ချီးမွမ်းခြင်းနဲ့ ခရစ်ယာန်အသက်တာကို တန်ဖိုးရှိစွာ နေထိုင်ဖို့ အရေးကြီး ပါတယ်။ ယခု ကျွန်မတို့ရဲ့ အသက်တာကို ကျွန်မတို့ ပြန် ဆန်းစစ်ဖို့ လိုအပ်နေပါပြီ။ ဘာကြောင့်လဲ ဆိုတော့ ဘုရားသခင် ကျွန်မတို့ရဲ့ အသက်တာထဲ၌ ကိန်းဝပ် နေသောကြောင့်ပဲ ဖြစ်ပါတယ်။ ဘုရားသခင် ကတော့ ကွန်မတို့နဲ့အတူ ရှိနေပြီး ကျွန်မ တို့က မှားယွင်းသော အသက်တာနဲ့ လျှောက်လှမ်းနေမယ်ဆိုရင်တော့ ကျွန်မတို့သည် စာတန်၏ ကျွန်ဘဝကို လုံးလုံး ရောက်ရှိနေပြီ ဆိုတာ စဉ်းစားသင့်ပါတယ်။ စာတန် သည်လည်း မနားမနေ အလုပ်လုပ်နေပါတယ်။ စာတန်ရဲ့ အလုပ်လုပ်မှုနဲ့ ပတ်သက် ပြီး သတိရစရာ ကျွန်မရဲ့ အဖြစ်ကို ရေးပြချင်ပါတယ်။

တစ်နေ့သော နံနက် ကျွန်မ အိပ်ယာနိုးပြီး ဆုတောင်းနေတဲ့ အချိန်မှာ ကျွန်မကို အဖွားက အသံအကျယ်ကြီးနဲ့ ခေါ်ပါတယ်။ ကျွန်မ မကြိုက်ဆုံး အရာ ကလည်း စကားပြောလျှင် အသံကျယ်စွာ ပြောခြင်းပါဘဲ။ ကျွန်မလည်း ဆုတောင်း နေပေမဲ့ ကျွန်မမှာ ရှိတဲ့ ဇာတိစိတ်အတိုင်း လွှတ်ကနဲ ပြောလိုက်မိပါတယ်။ စာတန် ကတော့ စောစောစီးစီး အလုပ်လုပ်နေပြီလို့။ ကျွန်မ ပြောတာကို အန်တီက ကြားပြီး သူ့အမေကို စာတန်လို့ ပြောတယ်ဆိုပြီး အထင် လွဲပါတယ်။ ကျွန်မ သူ့ကို သေချာ ရှင်းပြ တော့မှ သူနားလည်သွားပါတယ်။ ကျေးဇူး တော်ကြောင့် အလုပ်မပြုတ်ခဲ့ပါ။ ကျွန်မ ပြောသော စာတန်မှာ အဖွားကို ဆိုလိုခြင်း မဟုတ်တာတော့ နားလည်စေချင် ပါတယ်။ ကျွန်မတို့ အိပ်ပျော်နေပေမယ့် စာတန် ကတော့ စက္ကန့်တိုင်း အလုပ်လုပ် နေတယ် ဆိုတာ သတိထားရပါမယ်။ ကျွန်မတို့ ဘုရား သခင်နှင့် နီးကပ်စွာနေပြီး သခင့်အတွက် အချိန်ပေးနိုင်မှ ကျွန်မတို့ရဲ့ အသက် တာမှာ ကောင်းကြီးနဲ့ ပြည့်စုံပြီး စာတန်၏ ရန်မှ ဘုရားသခင် ကာကွယ်ပေးမှာ ဖြစ်ပါတယ်။ အဲဒီတော့မှ ဘုရားသခင် ပေးထားတဲ့ ကျွန်မတို့ရဲ့ အသက်တာနဲ့ ကောင်းကြီး တွေကို တန်ဖိုးထားပြီး အလို တော် ဝန်ခံခြင်းနှင့် သန့်ရှင်းသော ခရစ်ယာန် အသက်တာရှိဖို့ အယောက်စီတိုင်းကို ခွန်အားပေးလိုက်ပါတယ်။ ။ Rebecca



သခင့်စကား ဝိညာဉ်ရေးရာ စာစောင်။ အမှတ်စဉ် ၁၃၉ မတ်လ ၂၀၁၃ ခုနှစ်။
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်နှင့်မိတ်သဟာယများအတွင်း အခမဲ့ ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။